
mgyoe.com
SAMPLE BOOK

ရှင်ရာဟုလာ

# ပိဋကတ်လာ
# စိတ်တန်ခိုး နှင့် အကြားအမြင်



mgyoe.com

THAR NGE

SAMPLE BOOK

ဤစာအုပ်၏ ထူးခြားချက်

- - - - - - - - - - - - - - - - - - - - - -

လူတိုင်း လက်လှမ်းမမီသည့်

ပိဋကတ်ကျမ်းဂန်အဆူဆူတို့ကို အခြေပြု၍လည်းကောင်း

ချဉ်းကပ်စူးစမ်းသင့်သည့် အမျိုးမျိုးသော ပုဂ္ဂိုလ်များထံ

ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးမေးမြန်း၍လည်းကောင်း

နှစ်ရှည်လများ စုစည်းမှုတို့မှ အဆီအနှစ်ထုတ်၍

လက်တွေ့သမားများအတွက်

အခြေခံမှအစ တစ်ဆင့်ချင်း ကျင့်ဆောင်ရန် နည်းလမ်းများကို

အသေးစိတ် ဖော်ညွှန်းထားသည်။

သမထကျင့်စဉ်များ၊ ဈာန်၊ ကသိုဏ်းဆိုင်ရာ

စွမ်းရည် စွမ်းအင်များ

ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့၏ စိတ်တန်ခိုး

အိန္ဒိယ ယောဂီတို့၏ ကျင့်စဉ်

ကမ္ဘာ့ပညာရှင်များ၏အမြင်

အဓိဋ္ဌာန်လုပ်ငန်း သစ္စာပြုခြင်းနှင့် မေတ္တာခန်း

နဒီအကြောင်း၊ ပြောင်းလဲပုံ သက်ရောက်မှုနှင့် လေ့ကျင့်နည်းများ

ရောဂါနှင့် နဒီ၊ နဒီနှင့်အပြစ်များ၊ ကာကွယ်မှုများ ....

စသဖြင့် အစုံအလင်ဖော်ပြထားပါသည်။

ISBN 978-99971-83-15-6

9 789997 183156 >

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

စာမျက်နှာ – ၂၉၆
စာအုပ်ဆိုဒ် – အလျား ၁၄.၇ × အနံ ၂၁ စင်တီ။
စာအုပ်အမျိုးအစား – သုတ
မျက်နှာဖုံးသရုပ်ဖော် – မြင့်မောင်ကျော်
အတွင်းအပြင်အဆင် – စောမာလာ
ISBN - 978 - 99971 - 83 - 15 - 6
ထုတ်ဝေခြင်း – အသစ်ထပ်မံပုံနှိပ်ခြင်း၊ စက်တင်ဘာလ – ၂၀၂၄
အုပ်ရေ – ၇၀၀
စာမူမူပိုင် – စာရေးသူ
ပုံနှိပ်မူပိုင် – သားငယ်စာပေ

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

[ဘာသာရေးဆိုင်ရာခွင့်ပြုချက် အမှတ် (၆၀၅) အရ ထုတ်ဝေပါသည်]

**တန်ဖိုး – ၁၆၅၀၀ ကျပ်**

**သတိပေးခြင်း**

ဤစာအုပ်ထုတ်လုပ်ဖွဲ့စည်းမှုပုံစံသည် သားငယ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှလွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင်ပြောင်းလဲ သုံးစွဲခွင့်မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

အသစ်ပြန်လည်ပုံနှိပ်ခြင်းအတွက်အမှာ
မိတ်ဆက်

## အခြေခံပိုင်း


* ဝိဇ္ဇာ (၁၂) မျိုး ၂၁
* နတ်ပူးသည်ဟုဆိုရာဝယ် ၂၄
* အကြားအမြင်သဘော (၄) မျိုး ၂၅
* ညှို့ဓာတ် ၂၆
* စိတ်ဓာတ် (၃) မျိုး ၂၇
* နတ် (၃) မျိုး ၂၈
* (၃၁) ဘုံကို ခန္ဓာဖွဲ့စည်းသောအခါ ၂၉
* နတ်အစားအစာ ၃၀
* နတ်ပူးခြင်း ၃၁
* အသေထွက် – အရှင်ထွက် ၃၂
* ရှင်လေးပါး – သေလေးပါး ၃၂
* အရှင်ထွက် – အသေထွက်ပြဿနာ ၃၄
* ရှင်အဇ္ဈဂေါဏ၊ ရှင်မထီး၊ ဘားမဲ့ ၃၅
* တပသီအကျင့် ၃၆
* ဇော်ဂျီ (၄) မျိုး ၃၇
* ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ၃၈
* ဓာတ်စီး၊ နတ်စီး၊ လမိုင်းစီး ၃၈
* ဓာတ်ဆိုသည်မှာ ၄၀
* စုန်းစွဲ၊ နတ်စွဲ၊ ပယောဂစွဲ ၄၀
* ဥပါဒါန်အစွဲ ၄၁
* စတုယာမ သံဝရသီလ (၄) မျိုး ၄၃


mgyoe.com

mgyoe.com SAMPLE BOOK


* တက္ကတွန်းအကျင့် (၇) မျိုး ၄၃
* တပသီပုဂ္ဂိုလ်များကျင့်နည်း ၄၄
* လူပြိန်းကြိုက် အစိဋ္ဌာန်လုပ်ငန်း ၄၆
* မဟာယာနနှင့်အရည်းကြီး ၄၈
* မြန်မာနိုင်ငံနှင့်ဂိုဏ်းလုပ်ငန်း ၄၈
* ဂိုဏ်းဆရာများ ၅၀
* ဂိုဏ်းအချင်းချင်း နားလည်မှုမရှိ ၅၁
* အင်း နှင့် ဂါထာ ၅၃
* မြန်မာအင်းချနည်း ၅၃
* အောက်လမ်းပညာ ၅၄
* စုန်းပညာ ၅၅
* နတ်ကြီးက စုန်း ၅၆
* အောက်လမ်း နှင့် အထက်လမ်း ၅၇
* ဝေဒနာနှင့် အောက်လမ်းဆရာများ ၅၇
* အပင်းသွင်းခြင်း ၅၉
* အတတ်ပညာအမျိုးမျိုး ၆၀
* အဋ္ဌာရသပညာ (၁၈) မျိုး ၆၃
* စုန်း (၇) မျိုး ၆၆
* ကတော် (၄) ပါး ၆၇
* မှော်အတန်းအစားများ ၆၈
* ဝိဇ္ဇာဓိုရ်များ ၆၈
* သိဒ္ဓိ (၁၀) မျိုး ၆၉
* ဂန္ဓာရီပညာ (၂) မျိုး ၇၀
* အင်းကန်း၊ အင်းကျိုးများ ၇၀
* အင်းချသူ လိုက်နာရမည့်စည်းကမ်း ၇၁
* အင်းပေါက် (၇) မျိုး ၇၁
* အိဒ်မက် ၇၃


mgyoe.com

mgyoe.com SAMPLE BOOK


* အိပ်မက် (၄) မျိုး ၇၄
* အိပ်မက်လေ့လာချက် (၁) ၇၅
* အိပ်မက်လေ့လာချက် (၂) ၇၆
* အတိတ်နိမိတ် ၇၇
* ဗေဒင်ပညာ ၇၈
* ဂြိုဟ်ကြီး (၉) လုံး ၇၉
* ဗေဒင်ပညာ နှင့် လဂ် ၇၉
* နက္ခတ်များ နှင့် လူသားလောက ၈၁
* (၇) ခုစား၊ (၈) ခုစား – ဗေဒင် ၈၃
* (၇) ခုစား၊ (၈) ခုစား – ပုံပြင် ၈၃
* ကဝိလမိုင်း ၈၄
* ပြဟ္မာမင်းဦးခေါင်း ၈၅
* မကာရန္တ၊ သံဒိဋ္ဌ ၈၇
* (၃၂) ပါးသော လက္ခဏာတော် ၈၈
* ရှေးခေတ်လက္ခဏာအယူအဆ ၉၀
* လက္ခဏာပညာရှင် ကိုင်ရို ၉၁
* ရှေးဦးမြန်မာလက္ခဏာဟောကျမ်းများ ၉၂
* ယခုခေတ် လက္ခဏာကျမ်းပြုများ ၉၃
* လက္ခဏာပညာနှင့် ဂျစ်ပဆီလူမျိုး ၉၄
* အင်္ဂရတ်ပညာ ၉၄
* အင်္ဂရတ်လမ်းနှစ်သွယ် ၉၅
* အင်္ဂရတ်ဆေးနည်းများ ၉၆
* အင်္ဂရတ်နှင့် အသမ္ဘိန္နဓာတ် ၉၇
* အင်္ဂရတ်ပညာရှင် ရှင်အဇ္ဇဂေါဏ ၉၈
* အင်္ဂရတ်ကြော်ငြာ ၉၈
* အင်္ဂရတ်စစ်တမ်း ၉၉


mgyoe.com

mgyoe.com SAMPLE BOOK

## ပထမပိုင်း


* ကမ္မနှင့် ကမ္မဖလ ၁၀၅
* မျက်မှောက်အကျိုးပေး အင်္ဂါ (၄) ပါး ၁၀၆
* ကံအကျိုးပေး အစဉ် (၄) ပါး ၁၀၇
* ဝိသုဒ္ဓိမဂ် အဆိုအမိန့် ၁၁၁
* သတ္တဝါတို့၏အပြုအမူ (၁၀) ပါး ၁၁၄
* အတိတ်ကံနှင့် ပစ္စုပ္ပန်အကျိုးပေး ၁၁၆
* ပစ္စုပ္ပန်အကျိုးနှင့် အတိတ်အနာဂတ် ၁၁၇
* မကောင်းသူများ ကောင်းကျိုးပေးရာ၌ ၁၁၈
* ကံနှင့် ဝီရိယ ၁၁၉
* ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး ၁၂၀
* လယ်တီဆရာတော်၏အမြင် ၁၂၃
* ဗုဒ္ဓဝါဒနှင့် နတ်ကိုးကွယ်မှု ၁၂၅
* ဗြာဟ္မဏများအလုပ် ၁၂၆
* သမဏ ၁၂၇
* ဗြာဟ္မဏ ၁၂၈
* ဗုဒ္ဓသည် စုန်း၊ နတ် ဗေဒင်ကို လက်မခံ ၁၃၀
* ဗုဒ္ဓ၏ နတ်ကုနည်း ၁၃၀
* ဂိုဏ်းနှင့်ပတ်သက်သော သိမှတ်ဖွယ်ရာများ ၁၃၁
* ဂိုဏ်းဆေးထိုးပုံ ၁၃၂
* သိရသ္မီမေဂါထာ ၁၃၂
* အထက်ဆေး အောက်ဆေး ၁၃၃
* စ–မ အင်းအကြောင်း ၁၃၄
* စ–မ အင်းချပုံနှင့် အသုံးပြုပုံ ၁၃၅
* အင်းများ၏ အဓိကအနှစ်သာရ ၁၃၆
* ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့၏ အလုပ်–အကျင့် ၁၃၇
* ထွက်ရပ်ပေါက်ဆိုသည်မှာ ၁၃၈
* ဘိုးတော်ဝိဇ္ဇာ ၁၃၉


mgyoe.com

mgyoe.com SAMPLE BOOK

* ဂိုဏ်းလုပ်ငန်းဆိုင်ရာ ၁၃၉
* ဗြာဟ္မဏ၊ မဟာယာန၊ ထေရဝါဒပေါင်းစပ်နေခြင်း ၁၄၀
* ဓာတ်ဖွင့်ပေးသည်ဆိုသည်မှာ ၁၄၁
* ဓာတ်ရိုက်ဓာတ်ဆင် ငါဘုရင်များ ၁၄၂
* ဓာတ်ဖွင့်ပေးပုံ ၁၄၃

## ဒုတိယပိုင်း

* မေတ္တာအကျိုး (၁၁) ပါး ၁၄၆
* (၅၂၈) သွယ်မေတ္တာ ၁၄၆
* မေတ္တာမပို့သင့်သူများ ၁၄၈
* မေတ္တာသည် မိမိအကျိုး ၁၄၉
* တစ်ဦးကိုတစ်ဦး မေတ္တာပို့မှု ၁၄၉
* နဝဂ်ဥပုသ်နှင့်မေတ္တာ ၁၅၁
* အဓိဋ္ဌာန်ပြုခြင်း သစ္စာပြုခြင်း ၁၅၂
* အဓိဋ္ဌာန်ပြုပုံ သာဓကများ ၁၅၃
* သစ္စာပြုပုံသာဓကများ ၁၅၄
* အဓိဋ္ဌာန်ပြုသော အမျိုးသမီး ၁၅၅
* ငုံးမင်းသစ္စာပြုပုံ ၁၅၆
* သစ္စာဟူသောအဓိပ္ပာယ် ၁၅၇
* သစ္စာပြုပုံနှစ်မျိုး ၁၅၈
* ပိဋကတ်ပညာရှင်များ၏ သမထကျင့်စဉ် ၁၆၀
* စရိုက်နှင့်ကမ္မဋ္ဌာန်း ၁၆၁
* အာရုံနိမိတ်ယူပုံ ၁၆၁
* နီဝရဏတရား (၆) ပါး ၁၆၂
* ယောဂီ၏တာဝန် ၁၆၃
* နိမိတ်များ ၁၆၄
* သမထနှင့် ကြိုယာပုတ် ၁၆၅

mgyoe.com

mgyoe.com SAMPLE BOOK


* သမထ အသားကျလာခြင်း ၁၆၆
* ဈာန်စိတ်များဖြစ်ခြင်း ဈာန်ရခြင်း ၁၆၇
* ဥပစာရ သမာဓိ ၁၆၈
* အပ္ပနာသမာဓိ ၁၆၈
* ပထမဈာန် ၁၇၀
* ဒုတိယဈာန်စသည် ၁၇၁
* တန်ခိုးဣဒ္ဓိပါဒ် ၁၇၃
* ဝိသုဒ္ဓိမဂ်အယူအဆ ၁၇၄
* ဣဒ္ဓိ (၁၀) မျိုး ၁၇၅
* သမထယောဂီများ တန်ခိုးရှိခြင်းအကြောင်း (၁၆) ချက် ၁၇၉
* စူဠပန်၏တန်ခိုး ၁၈၁
* ရှင်အာနန္ဒာတန်ခိုးပြခြင်း ၁၈၃
* ရှင်အာနန္ဒာကြွလာပြီ ၁၈၄
* ဝေရဥ္ဇာမြို့နှင့် ကပ်ရောဂါ ၁၈၅
* မောဂ္ဂလာန်၏တန်ခိုး ၁၈၅
* မဟာကမထေရ်၏ တန်ခိုး ၁၈၆
* ကသိုဏ်းနှင့်တန်ခိုး ၁၈၇
* မောဂ္ဂလာန်နှင့် နန္ဒောပနန္ဒ နဂါးမင်း ၁၈၈


## တတိယပိုင်း


* ဗုဒ္ဓနှင့်တန်ခိုးဣဒ္ဓိပါဒ် ၁၉၄
* အကြားအမြင်နှင့် ဗုဒ္ဓ၏အဆိုအမိန့် ၁၉၅
* အဘိညာဉ် (၆) ပါး ၁၉၇
* ဗုဒ္ဓ၏သမထလုပ်ငန်းနှင့် ကိုယ်တွေ့မှတ်တမ်း ၁၉၇
* သိဒ္ဓတ္ထယောဂါဝစရ ၁၉၉
* သိဒ္ဓတ္ထ၏ ဒုက္ကရစရိယာ ၂၀၀
* လုံးဝအစာဖြတ်သည့်နည်း ၂၀၂
* သိဒ္ဓတ္ထယောဂါဝစရ၏ခန္ဓာကိုယ် ၂၀၂


mgyoe.com

mgyoe.com SAMPLE BOOK


* ဈာန်ရပုဂ္ဂိုလ်သိဒ္ဓတ္ထမှ ဗုဒ္ဓသို့ ၂၀၄
* ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့၏ စိတ်တန်ခိုး ၂၀၅
* ခြွင်းချက် (၄) မျိုး ၂၀၇
* နတ်၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် ၂၀၈
* နတ်ပူးသော ရဟန်းများ ၂၀၈
* ရဟန္တာမဟုတ်ဘဲ အကြားအမြင်ရသူများ ၂၀၉
* ဈာန် (၃) မျိုး၊ ငါးပါး ၂၀၉
* ဈာန်အဘိညာဉ် ၂၁၀
* ပါရမီ ၂၁၁
* သမာပတ် ၂၁၁
* ဖလသမာပတ်၊ နိရောဓသမာပတ် ၂၁၂
* ဈာနလာဘီ – ဈာန်ရပုဂ္ဂိုလ်များ ၂၁၄
* မေတ္တာ ၂၁၄
* မေတ္တာအကျင့်နှင့် အကြားအမြင် ၂၁၅
* တပအကျင့်၏အခေါက် ၂၁၇
* တပအကျင့်၏ အကာအနှစ် ၂၁၈
* ဗုဒ္ဓဝါဒနှင့် မေတ္တာ ၂၁၉
* သက်သတ်လွတ် ၂၂၃
* အသက်မရှိသောသတ္တဝါ ၂၂၄
* သက်သတ်လွတ်စားမှုနှင့်ပတ်သက်၍ ၂၂၄
* အစာအာဟာရစားသုံးမှု ၂၂၅
* သက်သတ်လွတ်ဖြစ်ပေါ်လာပုံ ၂၂၇
* ကဿပမြတ်စွာဘုရားလက်ထက်မှစ၍ ၂၂၈
* အာမဂန္ဓအပုပ်နံ့ ၂၂၉
* မဟာယာန၊ ဗြာဟ္မဏနှင့် မြန်မာပယောဂဆရာများ ၂၃၁
* လူဝင်စားများ ၂၃၁
* ဇာတိဿရဉာဏ်ရသူများ ၂၃၂
* ဝိညာဉ် – လိပ်ပြာ ၂၃၂


mgyoe.com

mgyoe.com SAMPLE BOOK


* လူ့ဝင်စားအယူအဆများ ၂၃၃
* မြန်မာနိုင်ငံ လူ့ဝင်စားများ ၂၃၄
* လူ့ဝင်စားပြဿနာသုံးသပ်ချက် ၂၃၅


## စတုတ္ထပိုင်း


* ဆိုက်ကိုအနာလစ်ဝါဒ ၂၃၇
* အလင်းရောင်စိတ် ၂၃၈
* ကဗျာဆရာကြီးများအမြင် ၂၃၉
* အတွင်းစိတ် ၂၄၀
* ဆိုက်ကိုမေထရီနည်း ၂၄၀
* ဆိုက်ကိုမေထရီလေ့ကျင့်နည်း ၂၄၁
* ကြရိယာပထလေ့ကျင့်နည်း ၂၄၁
* အတွင်းစိတ်ဖြစ်ပေါ်လာခြင်း ၂၄၂
* အတွင်းစိတ်နှင့်အိပ်မက် ၂၄၂
* ရေခွက်၌စိတ်လေ့ကျင့်နည်း ၂၄၃
* ဒေါက်တာမက်စ်မာ နှင့် အိပ်မွေ့ချပညာ ၂၄၄
* အသိသုံးမျိုး ၂၄၅
* စိတ်ကူးသိ ၂၄၅
* အိပ်မွေ့ချမေးမြန်းခြင်း ၂၄၆
* အနာဂတ်ကိုကြိုတင်သိနည်း ၂၄၆
* အစာမှညှို့ယူနည်း ၂၄၈
* လေမှညှို့ယူနည်း ၂၄၈
* ရေထဲမှညှို့ယူနည်း ၂၅၀
* နေရောင်ခြည်မှညှို့ယူနည်း ၂၅၀
* စိတ်ဓာတ်မြှင့်တင်နည်း ၂၅၀
* အိပ်မွေ့ချပုံ ၂၅၁
* အိပ်မွေ့ချဆရာ လိုက်နာရန်စည်းကမ်း (၈) ချက် ၂၅၂


mgyoe.com

mgyoe.com SAMPLE BOOK

* အိပ်မွေ့ချခံရသူ လိုက်နာရမည့်စည်းကမ်း (၅) ချက် ၂၅၂
* အိပ်မွေ့ချညို့ယူခြင်း ၂၅၃
* ဒေါက်တာဘရိတ်နည်း ၂၅၄
* ချာကော့နည်း ၂၅၄
* ညို့ဓာတ်အနည်းအများ ၂၅၄
* ညို့ဓာတ်များများရှိသူ ၂၅၆
* အိပ်မွေ့ချပညာပေါ်ပေါက်သောခေတ် ၂၅၆
* အိပ်မွေ့ချနည်းနှင့်စိတ်ပညာ ၂၅၇
* စိတ်နှင့်ပတ်သက်သော အယူအဆများ ၂၅၈
* သေသူများနှင့် စကားပြောခြင်း ၂၅၉
* စိတ်နှင့် အနောက်တိုင်းပညာရှင်များအမြင် ၂၅၉
* ဓာတ်လေးပါး သဘာဝ (၃) မျိုး ၂၆၀
* ကိုယ်ပွားရူးများ ၂၆၁
* ယောဂါဝစရနှင့် ဖကီးတို့၏အကျင့် အယူအဆများ ၂၆၂
* လူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံ ၂၆၂
* နဒီ (၃) မျိုး ၂၆၂
* နဒီများပြောင်းလဲပုံ ၂၆၃
* နဒီများအကျိုးသက်ရောက်မှု ၂၆၃
* အာစနအနေအထား (၃) မျိုး ၂၆၄
* ပါဒမစ် – အသက်ရှူနည်း (၃) မျိုး ၂၆၅
* နဒီတို့၏သဘာဝများနှင့် အာစနတို့၏သဘာဝများ ၂၆၅
* လေ့ကျင့်နည်း ၂၆၅
* လေ့ကျင့်ခြင်း၏အကျိုး ၂၆၆
* ရောဂါမဖြစ်မီ နဒီများက ကြိုတင်သိခြင်း ၂၆၇
* နဒီနှင့် အပြစ်များကာကွယ်မှု ၂၆၈
* အသက်ရှူမှု၌ အကွာအဝေး ၂၆၈
* ရှေးအာရိယန်တို့၏ အယူအဆ ၂၆၉

mgyoe.com

mgyoe.com SAMPLE BOOK

* ပြန်လည်ဆန်းစစ်ခြင်း ၂၇၀
* အဆုတ်ရောဂါနှင့် အာနာပါန ၂၇၁
* မှတ်ချက် ၂၇၂

## ပဉ္စမပိုင်း – နိဂုံး

* ကျွန်ုပ်တို့အမြင် ၂၇၅
* စုန်းအတတ်နှင့်ပတ်သက်၍ ၂၇၆
* နတ်ကတော်များ ၂၇၇
* စည်းချခြင်း ၂၇၈
* ပယောဂဆရာများ ကုသချက် ၂၇၉
* ပယောဂဆရာအနေအထား ၂၈၀
* စိတ်ပညာနှင့် အနောက်တိုင်းအယူအဆ (၃) မျိုး ၂၈၁
* စိတ်တို့၏အခြေခံများ ၂၈၂
* ဗေဒင်ပညာ၊ လက္ခဏာပညာ ၂၈၃
* အဂ္ဂိရတ်၊ သစ္စာ ၂၈၄
* မေတ္တာဝါဒ ၂၈၅
* ပေမမေတ္တာ ၂၈၆
* မေတ္တာဝါဒနှင့် သက်သတ်လွတ် ၂၈၆
* အင်းကွက်နှင့် ဂါထာမန္တရား ၂၈၇
* သမထလုပ်ငန်းများ ၂၈၈
* တီဘီရောဂါနှင့် သမထ ၂၈၉
* အိပ်မွေ့ချပညာ ၂၉၀
* အိပ်မက် ၂၉၂
* အသားလှုပ်ခြင်း ၂၉၃
* အိန္ဒြိယပညာရှင်များ ၂၉၃
* အနောက်နိုင်ငံသားများ ၂၉၄
* အရှေ့တိုင်းသားများ ၂၉၄
* ကျွန်ုပ်တို့၏အယူအဆ ၂၉၅

mgyoe.com

mgyoe.com SAMPLE BOOK



## အသစ်ပြန်လည်ပုံနှိပ်ခြင်းအတွက်အမှာ

အကျွန်ုပ်သည် ယခုအခါ သက်တော် ၈၇ နှစ်ရှိနေပြီဖြစ်၏။ ဤစာအုပ်ကိုရေးသားစဉ်က သက်တော် ၅၀ ခန့်အရွယ်ဖြစ်၏။ စာမူကို ၁၀ နှစ်ခန့် ပြုစုရ၏။ ကိုင်ရှိဆိုသူ လက္ခဏာဆရာကြီး တစ်ယောက်အကြောင်းကိုပင်လျှင် နှစ်ချီ၍ စုံစမ်းမေးမြန်းရ၏။ အချို့အကြောင်းအရာများမှာ ပြည်တွင်းဖြစ်ဖြစ်၍ စာအုပ်စာတမ်းများ ရှာဖွေဖတ်ရှုရ၏။ နိုင်ငံခြားက ပညာရှင်များ အကြောင်းကိုလည်း စာအုပ်စာတမ်းများ ရှာဖွေဖတ်ရှုရ၏။ ပိဋကတ်နှင့်ပတ်သက်၍ မြန်မာပြန်များကို အဓိကကိုးကားထား၏။ ယင်းသို့ မြန်မာပြန်များကို ကိုးကားရခြင်းမှာ ပါဠိစာပေမကျွမ်းကျင်သော စာဖတ်သူများ ရှာဖွေရလွယ်စေရန် ရည်ရွယ်ရင်းဖြစ်၏။

စာမူရေးသားပြီးနောက် ထုတ်ဝေသူများနှင့် ဆက်စပ်ဆွေးနွေးကြည့်၏။ စာအုပ်ခေါင်းစဉ်ကို ပြောပြစဉ်ကပင် ထုတ်ဝေသူများလန့်နေကြ၏။ မည်သူမျှ မထုတ်ရဲဖြစ်နေ၏။ ဤတွင် ဆူးလေဘုရားအနီး ထားဝယ်တိုက်အပေါ်ဆုံးထပ်၌ 'မြန်မာစာပေတိုက်'ဟု ပေါ်လာ၏။ စာမူဟူသမျှကိုလည်း ထုတ်ဝေသည်ဟု ပြောဆိုကြ၏။ ယင်းသို့ဖြင့် စာမူကို မြန်မာစာပေတိုက်သို့ ပို့လိုက်၏။ တစ်လခန့်ကြာသောအခါ စာမူကိုပြန်ပေး၏။ ထုတ်ဝေခွင့်ရမည်မဟုတ်ဟု အကြောင်းပြ၏။ စာမူကိုသိမ်းထားပြီး အတန်ကြာသောအခါ ကျိုက္ကဆံကွင်းအရှေ့ဘက်ရှိ ယမုံနာစာပေတိုက်သို့ ပို့ပြန်၏။ ထိုတိုက်မှလည်း ထုတ်ဝေခွင့် ရမည်မဟုတ်ဟုအကြောင်းပြကာ စာမူကိုပြန်ပေး၏။ နှစ်အတန်ကြာ သိမ်းဆည်းထားပြီးနောက် မောင်သန်းဆွေဆိုသူ လူငယ်တစ်ယောက်ရောက်လာ၏။ သူက ''အရှင်ဘုရား၊ စာမူရှိသလား၊ တပည့်တော်ထုတ်ဝေချင်ပါတယ်'' ဟု ပြောလာ၏။ မောင်သန်းဆွေသို့ စာမူကိုပေးလိုက်ပြီး ခြောက်လခန့်ကြာသောအခါ 'စာမူကို သက်ဆိုင်ရာမှ ထုတ်ဝေခွင့် ပြုလိုက်ပါပြီ'ဟု ပြောလာ၏။ စာမူကို စာအုပ်အဖြစ်ထုတ်ဝေပြီး သုံးလခန့်ကြာသောအခါ

mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်အားလုံးကုန်သွား၏။ ထိုအချိန်က ရောင်းဈေးမှာ ၂၅ ကျပ်ဖြစ်၏။ ထို့နောက် ဂုဏ်ထူးစာပေမှ ဒုတိယအကြိမ်ထုတ်ဝေ၏။ တတိယအကြိမ်လည်း ထုတ်ဝေ၏။

ဤစာအုပ်၌ ဖော်ပြထားသော အကြောင်းအရာများမှာ မည်သူမှန်သည်၊ မည်သူ မှားသည်ကို စာရေးသူက မှတ်ချက်မပေးဘဲ စာဖတ်သူကသာ ကိုယ့်ကိစ္စကိုယ် ဆုံးဖြတ်နိုင်ရန် မေးတင်ထား၏။ ဤသည်မှာ ဤစာအုပ်၏ ထူးခြားချက်ဖြစ်၏။

ဤစာအုပ်ထွက်ရှိပြီးနောက် ခေတ်သစ်စိတ်ပညာရှင်များက ''အရှင်ဘုရား၏ စာအုပ်သည် ခေတ်ဟောင်းအယူအဆဖြစ်နေသည်၊ ခေတ်သစ်အမြင် စိတ်ပညာစာအုပ် တစ်အုပ်ရေးပေးပါ''ဟု ပြောလာကြ၏။ ကျွန်ုပ်သည် ရဟန်းတော်တစ်ပါးဖြစ်၍ ထေရဝါဒ ဗုဒ္ဓဘာသာကျမ်းဂန်များကို အတော်အသင့် သင်ကြားဖူးသူဖြစ်ရာ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလ ၃ ပါးကို လက်ခံထားသူ ရဟန်းတော်တစ်ပါးဖြစ်၍ ခေတ်သစ် စိတ်ပညာနှင့် အံဝင်ခွင်ကျမဖြစ်။ ထို့ကြောင့် ခေတ်သစ်စိတ်ပညာစာအုပ်ရေးသားရန် စိတ်မဝံ့ပါ။

ဤစာအုပ်ထွက်ပြီးနောက် ဝေဖန်စာများ၊ သိလိုသည့်အချက်များ၊ များစွာသော ပေးစာများ လက်ခံရရှိ၏။ ထို့ကြောင့် တတိယရိုက်စာအုပ်၌ လိုအပ်သည်များကို ဖြည့်စွက် ထားပြီးဖြစ်သဖြင့် ယခု ၂၀၂၄ အသစ်ပြန်လည်ပုံနှိပ်သည့်စာအုပ်၌ ဖြည့်စွက်ခြင်းမပြုဘဲ ထုတ်ဝေလိုက်သည်။

**ဘဒ္ဒန္တဝရာလင်္ကာရ (ရှင်ရာဟုလာ)**
အောင်ရာမြေပရိယတ္တိစာသင်တိုက်၊
ဆ/ခ ရပ်ကွက်၊ မေခအိမ်ရာဝင်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ ၅၇၃၃၄၇၊ ၀၉ ၇၅၇၄၁၀၉၆၀
နေ့စွဲ ၅ – ၃ – ၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်

ဤစာအုပ်ကို စတင်ပြုစုသောနေ့မှာ ၂၆–၇–၁၉၇၆ ဖြစ်၍ အဆုံးသတ်သော နေ့မှာ ၁–၉–၁၉၇၇ ဖြစ်ပါသည်။ ဤစာအုပ်ကိုပြုစုရာ၌ အခက်အခဲ အမျိုးမျိုးရှိသည့် အနက် ဥပမာအားဖြင့် ကိုင်ရှိဆိုသူကိုလေ့လာရသည်မှာပင် သုတေသီများနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ရပါသည်။ မြန်မာနိုင်ငံမှာ သုတေသနစာအုပ်များ အများကြီး လိုသေးကြောင်း ဤစာအုပ်ကိုပြုစုမှ ပို၍ နားလည်ခဲ့ရပါသည်။

ဤစာအုပ်ကိုပြုစုစဉ် စုန်းပညာနှင့်ပတ်သက်သော အကြောင်းအရာများ၊ မှော်ပညာ၊ ပယောဂပညာနှင့်ပတ်သက်သော အကြောင်းအရာများ၊ လက္ခဏာပညာနှင့် ပတ်သက်သော အကြောင်းအရာများ၊ နတ်ကတော်များနှင့်ပတ်သက်သော အကြောင်း အရာများ၊ အင်္ဂရတ်နှင့်ပတ်သက်သော အကြောင်းအရာများ စသည်တို့ကို ရန်ကုန်မြို့ ပေါ်ရှိ ပညာရှင်အသီးသီးထံမှ မှတ်သား၍ ယင်းတို့မှ လိုရင်းကျသော အချက်အလက်တို့ကို ထုတ်နုတ်တင်ပြထားပါသည်။ ထို့အပြင် ထိုပညာများနှင့်ပတ်သက်သော အယူအဆများ ကိုလည်း အနီးကပ်ချဉ်းကပ်တင်ပြပါသည်။

ဤစာအုပ်၌ ထိုထိုအကြားအမြင်ပညာများနှင့်ပတ်သက်၍လည်းကောင်း၊ ယင်းပညာတို့၏ အခြေခံအရင်းအမြစ်ကိုလည်းကောင်း တင်ပြထားရာ၌ ထိုပညာရပ်များကို မည်သည့်အကြောင်းကြောင့်မျှ ပုတ်ခတ်ခြင်းမပြုပါ။ ယင်းပညာရပ်များ မှန်ကန်သည် ဟူ၍လည်း ထောက်ခံချက်ပေးထားခြင်းမျိုး မလုပ်ခဲ့ပါ။ သို့ရာတွင် ယင်းပညာရပ်များနှင့် ပတ်သက်၍ တင်ပြချက်များသည် ရှေးအစဉ်အလာ အယူအဆရှိသူများနှင့် သဘောချင်း တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မည်ဖြစ်သလို ယခုခေတ်လူငယ်များ၏ အယူအဆများနှင့်လည်း တစ်သားတည်း ကျချင်မှကျပါလိမ့်မည်။

သို့ဖြစ်ရသည့်အခြေခံအကြောင်းရင်းမှာ ပညာတစ်ရပ်ကို အခြေခံသဘာဝများနှင့် ယင်းတို့၏ဖြစ်စဉ်များကို တင်ပြပြီး စာဖတ်သူကိုယ်တိုင်ကသာ အဆုံးအဖြတ်ပေးရမည့် ကိစ္စမျိုးဖြစ်၍ ဤစာအုပ်သည် ထိုထိုပညာရပ်များ၏ ရှေ့နေမဟုတ်သလို ထိုထိုပညာရပ် များ၏ အတိုက်အခံသမားလည်း မဟုတ်သောကြောင့် ဖြစ်ပါသည်။ ကြားဖြတ်၍ ပိဋကတ် ကျမ်းပြုဆရာတော်များ အဆိုအမိန့်တစ်ခုမှာ အလွန်ပင်မှတ်သားစရာကောင်းသောကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

တင်ပြလိုပါသည်။ ယင်းမှာ အတ္တုက္ကံသန၊ ပရဝမ္ဘနဟူသောစကား ဖြစ်ပါသည်။ **အတ္တုက္ကံသန** ဆိုသည်မှာ မိမိကိုယ်ကိုချီးမြှင့်၍ (ဝါ) မိမိကို သူတစ်ပါးက အထင်ကြီးစေလို၍ စာရေးသားခြင်းဖြစ်ပြီး၊ **ပရဝမ္ဘန** ဆိုသည်မှာ သူတစ်ပါးကိုရှုတ်ချလို၍ စာရေးသားခြင်းမျိုးဖြစ်ပါသည်။ ဆိုလိုသည်မှာ စာပေပြုစုသူသည် မိမိကိုယ်ကို သူတစ်ပါးက အထင်ကြီးစေလို၍ဖြစ်စေ၊ သူတစ်ပါးကို ရှုတ်ချလို၍ဖြစ်စေ စာမရေးသင့်ဟူ၍ ဖြစ်ပါသည်။

ပို၍ရှင်းလင်းအောင်ဆိုရလျှင် မိမိတင်ပြလိုသောအကြောင်းအရာများကို ပီပီပြင်ပြင်တင်ပြပါ။ ဟိုလူပုတ်ခတ်၊ သည်လူပုတ်ခတ်ခြင်းမျိုး၊ ဟိုအယူဝါဒကိုပုတ်ခတ်၊ သည်အယူဝါဒကိုစော်ကားခြင်းမျိုး၊ မိမိသာမှန်သည်၊ တစ်ပါးသူအယူဝါဒမှာ မှားယွင်းသည် ဆိုသော စကားမျိုးကို ရှောင်ကြဉ်ရမည်ဟူ၍ ဖြစ်ပါသည်။ ရှေးကျမ်းပြုဆရာတော်ကြီးများသည် ယင်းအချက်ကို သတိမူ၍ ကျမ်းပြုစုသွားကြပါသည်။ အထူးသဖြင့် လိုက်နာသင့်သောအချက်များဖြစ်သည်ဟု ယူဆပါသည်။ စာအုပ်တစ်အုပ်ကိုဖတ်ရှုပြီး အယူအဆတစ်ခုကို ယတိပြတ်ဆုံးဖြတ်ရန်မသင့်ပါ။ နတ်မဟုတ်၊ စုန်းမဟုတ်၊ ပယောဂမဟုတ်ဟု စာအုပ်တစ်အုပ်က ရေးပြတင်ပြထားခြင်းမျိုး၊ နတ်ဟုတ်သည်၊ စုန်းဟုတ်သည်၊ ပယောဂဟုတ်သည်ဟု တင်ပြ ရေးပြထားခြင်းမျိုး ပါဝင်သော စာအုပ်တစ်အုပ်ကို ဖတ်ရှုလေ့လာ၍ စာအုပ်ပါအတိုင်း ဆုံးဖြတ်ခြင်းမျိုးမှာ အမြော်အမြင်အားနည်းသေးသည်ဟု ထင်ပါသည်။

စာဖတ်သူ သို့မဟုတ် အကြားအမြင် ဗဟုသုတရှာမှီးသူသည် အယူအဆအမျိုးမျိုးကို ဆုံးဖြတ်နိုင်ရန် ဗဟုသုတအတွေ့အကြုံ များစွာလိုပါသည်။ ယခုခေတ်၌ အဖွဲ့အစည်းများနှင့် အလုပ်လုပ်နေသည့်သဘောကို နားလည်သင့်ပါသည်။ အဖွဲ့အစည်း တစ်မျိုးမျိုး၌ အကြီးအကဲလုပ်သူသည် 'လူတတ်၊ လူလိမ္မာ' မဟုတ်ပါ။ အစည်းအဝေးများ ကျင်းပ၍ တက်ရောက်လာသော အသိပညာရှင်၊ အတတ်ပညာရှင်များ ညွှန်ပြသည့်၊ တင်ပြသည့်အချက်အလက်ထဲမှ အကောင်းဆုံးဖြစ်နိုင်သည်ကို စစည်း၍မူချမှတ်ခြင်းသာ ဖြစ်ပါသည်။

ထိုနည်းအတိုင်း စာပေပညာရှင်များ၊ အသိပညာရှင်များ တင်ပြထားကြသည်ကို စာဖတ်သူက လေ့လာမှတ်သား၍ ဟုတ်နိုင်သည့်အကြောင်းအရာများကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချရမည်မှာ စာဖတ်သူ၊ ဗဟုသုတရှာမှီးသူ၏ တာဝန်ဖြစ်ပါသည်။ ရှေးခေတ်က ဗုဒ္ဓအား တစ်ဖက်သတ်ဆန့်ကျင်သူများက 'ဗုဒ္ဓသည် သူ၏ဝါဒဖြင့် လူသားများကို မှိုင်းတိုက်နေသည်' ဟု စွပ်စွဲခဲ့ကြပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဖက်ဘာသာမှ ဗုဒ္ဓဘက်ကူးပြောင်းလာသူများက 'ကောင်းသောမှိုင်းတိုက်ခံရသဖြင့်၊ ကောင်းသောအညှို့ကို ခံရသဖြင့် ကျေနပ်ပါသည်။ သားစဉ်မြေးဆက်လည်း ဤမှိုင်းမျိုးခံပါဦးမည်။ အညှို့ခံပါဦးမည်'ဟု ချေပခဲ့ကြသည်ကို ပိဋကတ်၌ တွေ့ရပါသည်။ 'အယူဝါဒဆိုသည်မှာ မှိုင်းနှင့်တူသည်' ဆိုသောစကားမှာ မှန်ပါသည်။ မည်သည့် အယူဝါဒမျိုးမဆို မှိုင်းနှင့်တူပါသည်။ သို့ရာတွင် ကျွန်ုပ်တို့စဉ်းစားရမည်မှာ –

(၁) ကျွန်ုပ်တို့ အမိခံနေရသောမှိုင်းသည် မှန်ကန်စွာအကျိုးပြုသော မှိုင်းလော။

(၂) ရှေးကပုဂ္ဂိုလ်များ မှန်းဆ၍ ပြုလုပ်ထားခဲ့သောမှိုင်းများ အတိုက်ခံနေရသလား။

(၃) ရှေးက ပုဂ္ဂိုလ်တစ်စုံတစ်ဦးက မိမိကိုယ်ကျိုးကိုကြည့်၍ အမှန်အဖြစ်အပျက်ကို ဖုံးကွယ်လျက် လူအများကို လှည့်စားထားသောမှိုင်းကို အမိခံနေရသလား စသည်ဖြင့် အထူးစဉ်းစားသင့်ကြပါသည်။

မျက်လှည့်ပွဲတစ်ခု၌ လေ့ကျင့်ထားသော လက်လှည့်၊ မျက်လှည့်ပညာရပ်ဖြင့် ပွဲကြည့်ပရိသတ်ကို ပြောင်လှည့်ပတ်နေသည်ကို ကြောင်တောင်ကြည့်နေပါလျက် မမြင်လိုက်ရသည့်အဖြစ်မှန်ရှိနေသည်ဆိုလျှင် ကျွန်ုပ်တို့၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်များသည် မြင်ရန်၊ ကြည့်ရန်၊ အလွန်အားကိုးစရာမဟုတ်သည်ကို အထူးသတိပြုသင့်ကြပါသည်။ ဗုဒ္ဓကမူ သတ္တလောကကြီးသည် မျက်လှည့်နှင့်တူသည်ဟု ထပ်တလဲလဲ မိန့်ကြားခဲ့ပါသည်။

ရှေးခေတ်က ရပ်ရွာတစ်ခု၌ သူကြီးတစ်ယောက် သေဆုံးသွားလျှင် သူကြီးနေရာအတွက် သူကြီး၏သားကိုပင် ဆက်လက်ခန့်ထားလေ့ရှိကြပါသည်။ ''သူကြီးအလုပ်ကို တို့မကျွမ်းကျင်ပါဘူး၊ သူကြီးသားက သူ့အဖေအလုပ်ကို နားလည်လိမ့်မယ်၊ သူကြီးသားသာ သူကြီးဆက်လုပ်ပါ''ဟု အားလုံးက ဝိုင်းဝန်းတိုက်တွန်းတတ်ကြပါသည်။ ယခုခေတ်၌မူ တိုင်းပြည်အုပ်ချုပ်ရသော သမ္မတရာထူး၊ ဝန်ကြီးချုပ်ရာထူးမျိုးကိုပင် သာမန်လယ်သမား၊ အလုပ်သမားက လုပ်တတ်နေပါသည်။ ''နားမလည်ဘူး၊ မတတ်ဘူး၊ မကျွမ်းကျင်ဘူး''ဆိုသောစကားမှာ ယခုခေတ်နှင့် သင့်လျော်သောစကားမျိုး မဟုတ်တော့ပါ။ အမှန်အားဖြင့် ပညာတတ်လူတန်းစားများသည် သူတို့၏ပညာကို လျှို့ဝှက်တတ်သော၊ လူအထင်ကြီးအောင် ဖန်တီးတတ်သော ဉာဉ်ဆိုးတစ်မျိုး ရှိတတ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပညာတတ်သည် မိမိတတ်ထားသောပညာကို လျှို့ဝှက်သိမ်းဆည်းထားပြီး ယင်းပညာနှင့်ပတ်သက်၍ မည်မျှခက်ခဲနက်နဲကြောင်း ပြောပြတတ်ကြသည်မှာ ပညာတတ်တိုင်း ယခုအခါ မသင်ကြားရဘဲ တတ်မြောက်လာကြသော အပြောပညာတစ်ရပ်ဖြစ်ပါသည်။ ယင်းပညာနှင့်ပတ်သက်၍ မကျွမ်းကျင်သူက ထိုသူပြောသမျှ အထင်ကြီးရုံမှတစ်ပါး တခြားတံခါးများ ပိတ်သွားတတ်ကြပါသည်။

ရှေးခေတ်ကမူ ဆရာကြီးလုပ်သူက ပညာတစ်ရပ်ကို သင်ပေးလျှင် ထိုပညာကို မည်သူ့ကိုမျှ မပြောရ၊ မသင်ကြားပေးရ၊ မည်မျှအထိ လိုက်နာမှ ပြောရမည်၊ သင်ပေးရမည်ဟု သစ္စာရေတိုက်၊ ကျမ်းတိုက်၍ ပညာတံခါးကို ပိတ်ထားခဲ့ကြပါသည်။ ယင်းသို့ ပညာတတ်များ ယနေ့တိုင် လက်ခံအသုံးပြုသော ပညာတံခါးကို ရိုက်ချိုးသူမှာ ဗုဒ္ဓဖြစ်ပါသည်။ ဗုဒ္ဓသည် တောအထပ်ထပ် တောင်အထပ်ထပ်၌ ခြောက်နှစ်ကြာမျှ ရသေ့၊ ယောဂီသူမြတ်တို့ထံ၌ နည်းပေါင်းများစွာ၊ ပညာများစွာ၊ လျှို့ဝှက်ချက်များစွာကို လေ့လာဆည်းပူးခဲ့ပါသည်။ မိမိကိုယ်တိုင် ဗုဒ္ဓအဖြစ်ခံယူသောအခါ 'ဆရာစား မထားဘဲ' ထိုပညာများကို ဖွင့်ချခဲ့ပါသည်။ ထိုပညာများသည် အခြေခံမကောင်းသော လောကီပညာရပ်များသာဖြစ်ကြ၍ မယူသင့်သောပညာရပ်သာဖြစ်ကြောင်း အတည့်အလင်း မိန့်ကြားခဲ့ပါသည်။

ဤစာအုပ်၌ 'ကမ္မဝိပါက'အခန်းတစ်ခန်း သီးခြားဖော်ပြထားသည်ကို တွေ့ရပါလိမ့်မည်။ ဗုဒ္ဓအဘိဓမ္မာအရ ကမ္မနှင့် ကမ္မဝိပါကအကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ထားသင့်ကြပါသည်။ ယခုခေတ် ရဟန်းတော်များအနက် အနည်းဆုံး ပထမကြီးတန်း အောင်မြင်ကြသော ရဟန်းတော်အဆင့်လောက်သာ ကမ္မဝိပါကအကြောင်းကို နားလည်ကြပါသည်။ ထိုအဆင့်မျှလောက်ကို မသင်ကြားဖူးသော ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များမှာ ကံ၊ ကံ၏အကျိုးများ အကျိုးပေးပုံကို နားလည်ရန် ခဲယဉ်းတတ်ကြရာ အလိမ်သမားလက်ချက်ကြောင့် ဒုက္ခရောက်ကြရပါသည်။ ထိုအဖြစ်ဆိုးများကို တွေ့ကြုံကြရသော ပုဂ္ဂိုလ်များမှာ ယေဘုယျအားဖြင့် ဗဟုသုတနည်းပါးပြီး လောဘသက္ကာယအားကြီးသူများ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ စဉ်းစားချင့်ချိန်နိုင်အောင် ယင်း ကံ၊ ကံ၏အကျိုးပေးပုံနှင့်ပတ်သက်သော ဗုဒ္ဓဘာသာအယူအဆကို ဤစာအုပ်၌ ဖော်ပြမှ သင့်လျော်လိမ့်မည်ဟု ယူဆမိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့်များက ''အကြောင်းအကျိုး သိတတ်သောကြောင့် လူမည်၏''ဟု ဖွင့်ဆိုထားခဲ့ကြပါသည်။ သို့ရာတွင် သတ္တဝါသည် လောဘ၊ ဒေါသ၊ မောဟ တရားများ အနှိပ်စက်ခံရသူများဖြစ်ကြပြီး လူသည်လည်း အနည်းနှင့်အများ ယင်းတရားသုံးမျိုး၏ဒဏ်ကို ခံရသူများဖြစ်ကြပါသည်။ ထို့အပြင် ရှေးအစဉ်အလာများ၊ ပကာသနများ၊ အယူဝါဒအဟောင်းအသစ်များသည် လူနှင့် လူ့ပတ်ဝန်းကျင်ကို တုပ်နှောင်ထားကြပါသည်။ သို့ဖြစ်၍ လောဘ၊ ဒေါသ၊ မောဟတရားများနှင့် အယူဝါဒရေးရာကို လက်ခံသိမ်းပိုက်ထားကြရသော လူသားသတ္တဝါသည် အခါခပ်သိမ်း အကျိုးအကြောင်း သင့် မသင့်ကို စဉ်းစားနိုင်စွမ်း ရှိကြမည်မဟုတ်ပါ။ ထေရဝါဒဗုဒ္ဓဘာသာ၏ အစဉ်အလာသည် ရှေးဟောင်းအယူအဆကို အသိအမှတ်ပြုရသလို လမ်းသစ်ကို ထွင်ပေးကြရပါသည်။

ဤစာအုပ်ကို ပြုစုရာ၌ 'ပိဋကတ်လာ စိတ်တန်ခိုးနှင့်အကြားအမြင်'ဟု အမည်ပေးထားရာ ပိဋကတ်၌လာသော အကြောင်းတရားများကို သင့်သလို ဖော်ပြထားပါသည်။ ပိဋကတ်၌လာသည်ဆိုသော်လည်း ဘုရားအကြိုက်မဟုတ်ပါ။ ဗုဒ္ဓသည် တရားဓမ္မညွှန်ပြသောအခါ ''မိစ္ဆာအယူများ ဒီလို ဒီလိုရှိသည်''ဟု ယင်းခေတ်က အယူဝါဒများကို ထည့်သွင်းဟောပြောခဲ့ရာမှ ပိဋကတ်ထဲသို့ဝင်လာသောစကားများ၊ အယူအဆများဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်ပါ (ဗုဒ္ဓနည်းကျ သမထနည်း) မှတစ်ပါး ကျန်အယူအဆများသည် ''မိစ္ဆာအယူဝါဒ (ဝါ)၊ ဘုရားမကြိုက်သော အယူဝါဒများ''သာဖြစ်ကြောင်း သတိပြုကြစေလိုပါသည်။ ဤစာအုပ်၌ ပိဋကတ်မှလာသောစကားစုကို မူတည်၍ အိန္ဒိယယောဂီနည်း၊ အနောက်နိုင်ငံနည်းများကိုပါ လက်လှမ်းမီသလောက် ဆွဲဆန့်ထားပါသည်။ ဤစာအုပ်ကိုဖတ်ရှုသော တစ်စုံတစ်ယောက်သည် အယူဝါဒရေးရာနှင့်ပတ်သက်၍ စဉ်းစားစရာအချက်အလက်ကို ရရှိပါသည်ဟု ဝန်ခံလျှင် စာပြုရကျိုးနပ်ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခြေခံပိုင်း

## ဝိဇ္ဇာ ၁၂ မျိုး

၁။ **အင်္ဂဝိဇ္ဇာ = လက်ချောင်း၊ ခြေချောင်းကိုကြည့်၍ ဟောသော ပညာ။**

အကြင်ပုဂ္ဂိုလ်သည် သွားလာရာ၌သော်လည်းကောင်း၊ နေထိုင်ရာ၌သော် လည်းကောင်း အပြုအမူများရှိ၏။ တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိမူ၍ ခြားနား ကြ၏။ ယင်းအပြုအမူ အခြင်းအရာတို့ကို လေ့လာ၍ မည်သို့ပြုမူတတ်လျှင်၊ မည်သို့လက်ချောင်း ခြေချောင်းများရှိခဲ့လျှင်၊ မည်သို့ပြောဆိုပြုမူတတ်လျှင် ထိုပုဂ္ဂိုလ်သည် ဤပစ္စုပ္ပန်ဘဝ၌ မည်သည့်အသက်အပိုင်းအခြားသို့ ရောက်သော အခါ မည်သို့အပြောင်းအလဲရှိတတ်သည် စသည်ဖြင့် ဟောတတ်ပေသည်။ ဤသူသည် အမျိုးယုတ်လိမ့်မည်၊ အမျိုးမြင့်လိမ့်မည်၊ ဥစ္စာစနကြွယ်ဝလိမ့်မည်၊ ဆင်းရဲမွဲတေလိမ့်မည်ဟု အဟောထွက်တတ်၏။ ယင်းအဟောပညာသည် အင်္ဂဝိဇ္ဇာအဟောပညာမည်၏။

၂။ **ဝတ္ထုဝိဇ္ဇာ = အိမ်နှင့်အိမ်ခြံအတွင်း အပြစ်အကျိုးဟောသောပညာ။**

မြေအနေအထား စသည်တို့ကိုကြည့်၍ "ဤနေရာ၌ မြေအောက်တစ်နေရာတွင် မည်သည့်ပစ္စည်းရှိသည်။ မည်သည့်အရာများမရှိ" ဟု ဟောနိုင်သည်။ ဤမြေကြီး၌ အဆောက်အအုံ ဆောက်လုပ်သဖြင့် အကျိုးရှိမည်၊ မရှိမည်ကို ခန့်မှန်းဟောကြားနိုင်သော ပညာရပ်သည် ဝတ္ထုဝိဇ္ဇာ အတတ်ပညာမည်၏။

၃။ **ခတ္တဝိဇ္ဇာ = ဆိတ်ကြန်အင်္ဂါ၊ နွားကြန်အင်္ဂါ၊ ရာဇကြန်အင်္ဂါ စသည်တို့ကိုသိသောအတတ်။**

၄။ **သိဝဝိဇ္ဇာ = သုသာန်၌ ဂါထာမန္တရား မန်းမှုတ်၍ လိုအပ်သော အရာများကို ဆောင်ယူသောပညာ။**

mgyoe.com

mgyoe.com SAMPLE BOOK

၅။ ဘူတဝိဇ္ဇာ = မြေဘုတ်ဘီလူးများကို ဂါထာမန္တရားဖြင့် ခေါ်ယူသော မန္တန်အတတ်။
၆။ ဘူရိဝိဇ္ဇာ = မြေ၊ အိမ်၌ မန်းမှုတ်သော အတတ်ပညာ။
၇။ အဟိဝိဇ္ဇာ = အဆိပ်ပြင်းသော မြွေများကို ခေါ်ယူနိုင်သော ဂါထာမန္တရား အတတ်ပညာ။
၈။ ဝိသဝိဇ္ဇာ = အဆိပ်ပြင်းသောမြွေများကို နိုင်နင်းသောပညာ။
၉။ ဝိစ္ဆိကဝိဇ္ဇာ = အဆိပ်ပြင်းသောမြွေများ ကိုက်ခဲသည်ကို ကုသပေးနိုင်သောပညာ။
၁၀။ မူသိကဝိဇ္ဇာ = ကြွက်စသောသတ္တဝါ ကိုက်ခဲသောအခါ ကုသပေးနိုင်သောပညာ။
၁၁။ သကုဏဝိဇ္ဇာ = အတောင်ရှိ၊ မရှိသော ငှက်သတ္တဝါများ၏ ဉာဏ်ကို သိသော ပညာ။
၁၂။ ဝါသယဝိဇ္ဇာ = ကျီး၊ ခင်ပုပ်စသော ငှက်များ၏အသံကို သိသော ပညာ။

[သုတ်သီလက္ခန် – ၈၈]

ဆိုလိုသည်မှာ အင်္ဂဝိဇ္ဇာနှင့် ဝိဇ္ဇာအတတ် ၁၂ မျိုး၌ ဖော်ပြထားသော ပညာရပ်များသည် လူ၊ တိရစ္ဆာန်စသော သက်ရှိသတ္တဝါတို့၏ အပြုအမူ၊ အသံ၊ အဆိပ် စသည်တို့ကို ကျွမ်းကျင်သောပညာများ ဖြစ်ပေသည်။ သတ္တဝါတစ်ဦး၌ တန်ခိုးသတ္တိတစ်မျိုးစီ ထူးခြားစွာပါရှိရာ ထူးခြားချက်ဟူသမျှ၌ အခြေခံသဘောတရားကို နားလည်ထားရပေမည်။ ယင်းအခြေခံသဘာဝကို နားလည်ထားခြင်းကို လောကီဝိဇ္ဇာအတတ်ပညာဟု သတ်မှတ်ရပေသည်။ ထို့ပြင် လက္ခဏာအမှတ်အသားနှင့် ပတ်သက်၍လည်း ပိဋကတ်၌ ဤသို့ဖော်ပြထားသည်ကို တွေ့ရပေသေးသည်။

"အဆောက်အအုံများ ဆောက်လုပ်ရာ၌ လက်သမားဆရာသည် ဖွတ်ရုပ်များ စသည်တို့ကို အဆောက်အအုံလုပစေရန်အလို့ငှာ ပြုလုပ်ကြကုန်၏။ ယင်းအရုပ်များသည် ထိုအဆောက်အအုံ၌နေသော


mgyoe.com

mgyoe.com
SAMPLE BOOK

သူတို့ကိုအကျိုးအပြစ်ကို ဖြစ်စေကုန်၏။ ရှေးကဖြစ်ဖူးသော အကြောင်း အရာတစ်ခုမှာ ဤသို့ဖြစ်၏။ လက်သမားဆရာကြီးတစ်ယောက်သည် ကျောင်းတစ်ကျောင်းကို ဆောက်လုပ်ရာ၌ ဖွတ်ရုပ်တစ်ခုကို ထုလုပ်၏။ ထိုဖွတ်ရုပ်သည် မီးကိုမှတ်နေပုံဖြစ်၏။ ထို့ကြောင့် ထိုကျောင်း၌နေကြ ကုန်သော ရဟန်းသံဃာများသည် အမြဲလိုလို ခိုက်ရန်ဒေါသဖြစ်ကြ ကုန်၏။ ကျွမ်းကျင်သောရဟန်းတစ်ပါး ရောက်လာသောအခါ ထိုအရုပ်ကို မြင်သွားရကား အမြန်ဆုံးဖျက်ဆီးပစ်လိုက်၏။ ထိုအခါမှ စ၍ ထိုကျောင်း၌နေကြကုန်သော ရဟန်းသံဃာများ ခိုက်ရန်ဒေါသ ဖြစ်ပွားမှုမရှိတော့ချေ''

**(သီလက္ခန် – ၈၉)**

မြွေရုပ်၊ နဂါးရုပ်၊ ခြင်္သေ့ရုပ်များ ထုလုပ်သောအခါ အစဉ်အလာ စည်းကမ်း များစွာရှိ၏။ ထိုစည်းကမ်းများကို ဖောက်ဖျက်၍ ထုလုပ်ပါက တစ်မျိုးမျိုး ထိခိုက်တတ် သည်ဟူသော အယူအဆသည် ခုခေတ်အယူအဆမျိုးမဟုတ်ဘဲ ရှေးအစဉ်အလာ အယူ အဆများ ဖြစ်ကြကုန်၏။

ထို့အပြင် သုတ်သီလက္ခန် ဗြဟ္မဇာလသုတ် မဟာသီလအခန်း၌ နိမိတ်နှင့် စပ်သော အယူအဆများ၊ ဂါထာမန္တရားနှင့်စပ်သော အယူအဆတို့ကို အပြည့်စုံဆုံး ဖော်ပြထားသည်ကို တွေ့ရပေသည်။

''ဤမည်သော နက္ခတ်သည် ဤမည်သောအချိန်၌ ထွက်လတ္တံ့။ ထိုအခါ ဤမည်သောမင်းသည် စစ်မြေပြင်သို့ ထွက်လတ္တံ့။ ဤမည် သောနေ့၌ လကို ပေုပ်ဖမ်းလတ္တံ့။ ဤမည်သောနေ့၌ လကြတ်လတ္တံ့။ ဤနေ့၌ နက္ခတ်ကောင်းနေသဖြင့် လူများညီညွတ်လတ္တံ့။ ဤဂါထာကို မန်းမှုတ်၍ တရားရုံး၌ တရားဆိုင်က တစ်ဖက်သား၏စကားကို တရား သူကြီးက မကြားမူ၍ မိမိတို့၏စကားသည် အနိုင်ရလတ္တံ့၊ တရားနိုင် လတ္တံ့။ ကြေးမုံမှန်အပြင်သို့ နတ်များကိုသက်စေ၍ လိုရာကိုမေးခြင်း၊ သတို့သမီးကိုယ်သို့ နတ်များပူးစေ၍ လိုရာကိုမေးခြင်း၊ မန္တန်မန်းမှုတ်၍ ခံတွင်းမှမီးကိုထွက်စေခြင်း၊ မြေကြီး၌အိပ်၍ မန္တန်မန်းမှုတ်လျက်


mgyoe.com

mgyoe.com SAMPLE BOOK

သင်ယူရသောအတတ်'' စသည်တို့ဖြင့် အတတ်ပေါင်းများစွာ တို့ကို ဖော်ပြထား၏။

(သုတ်သီလက္ခန် - ၅ - ၉၂)

အထက်၌ဖော်ပြထားသော အရှေ့တိုင်းပညာရပ်များသည် အမှတ်သင်္ကေတကို အစွဲပြု၍ ဖြစ်ပေါ်လာသော အတတ်ပညာများ ဖြစ်ဟန်ရှိ၏။ သို့ရာတွင် ဂါထာမန္တရားဖြင့် နတ်များကိုခေါ်ယူ၍ မေးခြင်း စသော ဆန်းကြယ်သော အတတ်ပညာများမှာမူ သင်္ကေတ အတတ်များ မဟုတ်ကြဘဲ စိတ်ညှို့ခြင်းနှင့် များစွာဆက်စပ်မှုရှိလိမ့်မည်ဟု ယူဆနိုင်ပေသည်။

## နတ်ပူးသည်ဟု ဆိုရာဝယ်

နတ်ပူးသည်ဆိုသောသူများသည် အမှန်စင်စစ်အားဖြင့် စိတ်အားငယ်သူများ ဖြစ်ကြကုန်၏။ အကြင်နတ်ပူးသူတစ်ယောက်၏ နတ်ပူးနေစဉ်၌ ထိုသူ၏ ကိုယ်ကာယ များသည် အေးစက်နေကြောင်း တွေ့ရပေမည်။ ထိုသူသည် မူလစိတ်ဓာတ်အား လုံးဝ မရှိတော့ဘဲ မေ့စိတ်များကိန်းအောင်းနေကြောင်း တွေ့ရှိရပေသည်။ ယင်းမေ့စိတ်များ ဝင်ကိန်းနေသောအချိန်၌ ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်နေပေလိမ့်မည်။ ပြောနေ သော်လည်း မိမိ ဘာကိုပြောနေကြောင်း လုံးဝမသိပေ။ သို့ရာတွင် အချို့သော နတ်ဝင် သည်မများသည် မကြာကြာ နတ်ပူးနေပါက အရက်အလွန်အကျွံမူးသူနှင့် တူနေ လေသည်။ အလွန်အကျွံမူးနေသော အရက်သမားသည် မိမိပြောစကားကို မသိတစ်ချက် သိတစ်ချက်ဖြစ်နေသည်။ စိတ်ထဲ၌ ပေါ်လာသောအရာများကို ပါးစပ်မှ အလိုလိုပြော နေသည်။ စိတ်ထဲသို့ရောက်လာသော အာရုံကိုသိရှိသော်လည်း ထိုအကြောင်းအရာနှင့် ပတ်သက်၍ မိမိပါးစပ်မှ ပြောလိုက်မိသည်ကို သတိမထားမိချေ။ နတ်ဝင်သည်မများ သည်လည်း နတ်ပူး၍ပြောသော စကားစုကို မသိတစ်လှည့် သိတစ်လှည့်ရှိနေပေသည်။

သို့ဖြစ်ရာ နတ်ပူးသည်ဆိုသောအချက်ကို သိပ္ပံနည်းကျကျ လေ့လာပါက မသိ စိတ်များကိန်းနေသောအချိန်ဟု ခေါ်ဆိုရပေမည်။ မသိစိတ်သည် သတိလစ်နေခြင်းတစ်မျိုး ဖြစ်ရာ စိတ်အားငယ်သူများအဖို့ အခိုက်အတန့်အားဖြင့် ဝင်ရောက်တတ်သော သဘာဝပင် ဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အကြားအမြင်သဘော ၄ မျိုး

ထို့အပြင် ပိဋကတ်၌ အောက်ပါ (၄) မျိုး ဖော်ပြထားပေသည်။

၁။ အရှင်မြတ်စွာဘုရား – ဤလူ့ပြည်၌ အချို့သောသူတို့သည် နိမိတ်ဖြင့် သင်၏စိတ်သည် ဤသို့ကြံနေ၏၊ သင်၏စိတ်၌ ဤသို့အကြံရှိ၏၊ သင်၏စိတ်သည် ဤသို့သောသဘောရှိ၏ဟု ညွှန်း၏။ ထိုသူသည် များစွာဟောစေကာမူ ထိုအကြောင်းသည် ဟောသည့်အတိုင်းသာလျှင်မှန်၏။ အမှားမရှိပါ။

၂။ အချို့သူတို့သည် နိမိတ်ဖြင့် မဟောမူ၍ လူတို့၏အသံကိုကြား၍လည်းကောင်း၊ ဘီလူးတို့၏အသံကို ကြား၍လည်းကောင်း၊ နတ်တို့၏အသံကို ကြား၍လည်းကောင်း၊ သင်၏စိတ်သည် ဤသို့ကြံစည်နေသည်၊ ဤသို့အကြံရှိသည်ဟု တိုက်ရိုက်ဟော၏။ ထိုသူသည် များစွာဟောစေကာမူ အားလုံးမှန်ကန်နေ၏။ မှားယွင်းနေသည်ဟု မရှိပါ။

၃။ အချို့သောသူတို့သည် နိမိတ်ဖြင့်လည်းမဟော၊ တစ်စုံတစ်ခုသောအသံကို ကြား၍လည်းမဟောမူ၍ ကြံစည်စဉ်းစားသောသူ၏ ပျံ့လွင့်သောအကြံအစည်ကြောင့်ဖြစ်သောအသံကို ကြား၍ သင်၏စိတ်သည် ဤသို့ဖြစ်လိမ့်မည်၊ ဤသို့အကြံအစည်ရှိနေသည် စသည်ဖြင့် ဟော၏။ ထိုသို့ တိုက်ရိုက်များစွာ ဟောစေကာမူ အားလုံးမှန်ကန်နေ၏။ အမှားမရှိပါ။

၄။ အချို့သောသူတို့သည် နိမိတ်ဖြင့်လည်းမဟော၊ တစ်စုံတစ်ခုသောအသံကို ကြား၍လည်းမဟော၊ ပျံ့လွင့်သော သူ၏အကြံအစည်ကြောင့်ဖြစ်သော အသံကို ကြား၍လည်းမဟော။ စင်စစ်အားဖြင့် ဝိတက်၊ ဝိစာရမှကင်းသော သမာဓိသို့ ရောက်သော ပုဂ္ဂိုလ်၏စိတ်ဖြင့် တစ်ပါးသောသူ၏စိတ်ကို ပိုင်းခြား၍ ဤသူသည် ဤဘာဝနာစိတ်၏ အခြားမဲ့၌ ဤမည်သော ပထမဈာန် စသည့်စိတ်များကို ဖြစ်စေလတ္တံ့ဟု သိ၏။ ထိုသူသည် များစွာဟောစေကာမူ အမှန်ချည်းသာဖြစ်၏။

**(သုတ်ပါထေယျ ၉၂၊ သမ္ပသာဒနီယသုတ်)**

အထက်၌ဖော်ပြထားသော အကြောင်းအရာ (၄) မျိုးမှာ ရှင်သာရိပုတ္တရာက ဗုဒ္ဓအား လျှောက်ထားချက်ဖြစ်၏။ အဟောကျမ်းနှင့်ပတ်သက်သော အကြားအမြင်


mgyoe.com

mgyoe.com SAMPLE BOOK

သဘောသည် (၄) မျိုးရှိ၏။ ယင်း (၄) မျိုးအနက် ပထမအမျိုးအစားသည် နိမိတ်ဖြစ်၍ ဒုတိယအမျိုးအစားမှာ နတ်ကိုခိုင်းစေသော အတတ်ပညာမျိုးဖြစ်၏။ တတိယအမျိုးအစားမှာ သိလို၍လာမေးသောသူကို လေ့လာ၍ ဟောသော သိပ္ပံနည်းဖြစ်၏။ စတုတ္ထအမျိုးအစားမှာ သမာဓိအရှိန်ကို အသုံးပြုသော သမထနည်းဖြစ်၏။

## ညှို့ဓာတ်

လူနှင့် သက်ရှိသတ္တဝါများ၊ သက်မဲ့အရာဝတ္ထုများ၌ စွမ်းရည်သတ္တိ တစ်မျိုးစီပါဝင်ကြောင်း ကျွန်ုပ်တို့လက်ခံထားကြ၏။ ထို့ပြင် သက်ရှိနှင့်သက်မဲ့အရာဝတ္ထုတို့၌ ညှို့ဓာတ်တစ်မျိုးရှိကြောင်းကိုလည်း ကျွန်ုပ်တို့ နားလည်ထားကြ၏။ ညှို့ဓာတ်ဆိုသည်မှာ အခါခပ်သိမ်း အသုံးချ၍မရသော နက်နဲသည့်သဘောသတ္တိရှိ၏။ စပါးကြီးမြွေများသည် လူနှင့် သက်ရှိသတ္တဝါများကို ညှို့၍ စားသောက်တတ်သည်မှန်သော်လည်း အခါခပ်သိမ်း ညှို့မရသည်ကို သတိပြုမိကြပေလိမ့်မည်။ ထိုသို့သက်ရှိများသည် ယေဘုယျအားဖြင့် အညှို့ဗီဇပါသော သတ္တဝါများဖြစ်ရာ အခါအားလျော်စွာ တစ်ဦးနှင့်တစ်ဦး သူ့အလိုလို အညှို့ခံရသည်လည်းရှိ၏။ ဥပမာအားဖြင့်–တစ်ဦးကိုတစ်ဦး သတိရနေခြင်း၊ တွေ့လိုနေခြင်း၊ စကားပြောဆိုလိုခြင်း၊ လက်ပွန်းတတီးနေလိုခြင်းစိတ်များ မကြာခဏ ပေါ်တတ်လေသည်။ ယင်းသို့ပေါ်လာချိန်၌ တစ်ဖက်သားထံမှ အညှို့ဓာတ်များ လာရောက်ဖမ်းစားခြင်းကို ခံရသည်ဟု ယူဆနိုင်ပေသည်။ သို့ရာတွင် အညှို့ခံရသူကသော်လည်းကောင်း၊ ညှို့သူကသော်လည်းကောင်း အညှို့ဓာတ်အကြောင်း မတွေးမိရကား အညှို့ဓာတ်၏ စွမ်းရည်ကို နားမလည်ကြတော့ချေ။

ဗုဒ္ဓသည် စိတ်ညှို့ပညာဖြင့် လူတကာတို့ကို ညှို့နေသည်၊ ဗုဒ္ဓသည် စိတ်ညှို့ပညာပါရဂူကြီးဖြစ်သည်ဟု မကြာခဏ အစွပ်စွဲခံရ၏။။ ဗုဒ္ဓကမူ စိတ်သည် ပင်ကိုပကတိအားဖြင့် ဖြူစင်နေကြောင်း မိန့်ကြား၏။ စိတ်ဓာတ်သည် ပင်ကိုအားဖြင့် ဖြူစင်နေကြောင်း မိန့်ကြားချက်နှင့်ပတ်သက်၍ လေ့လာကြည့်သင့်ကြပေသည်။ တစ်ခုတည်းသောစိတ်သည် တခြားအာရုံစိတ်များ မဝင်ရောက်လာမီ ဖြူစင်သည်မှန်သော်လည်း အခြေအနေအပေါ်မူတည်၍ တခြားအာရုံများ အမြဲလိုလိုထွက်ဝင်လျက်ရှိနေ၏။ အကယ်၍ အထူးလေ့လာသူတစ်ဦးအဖို့ဆိုလျှင် စိတ်ကို မိမိထားလိုရာ၌ ထားနိုင်ကြောင်း သိရှိရပေသည်။ စိတ်၏

mgyoe.com

mgyoe.com SAMPLE BOOK

အစဉ်သည် အမှန်အားဖြင့် ဒြပ်မရှိသော စွမ်းအင်တစ်မျိုးသာဖြစ်ရာ အရာဝတ္ထုတစ်ခုခုသို့ စူးစိုက်ခြင်းဖြင့် တစ်ဖက်သားသို့ ညှို့ယူဖမ်းစားခြင်းမျိုး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

## စိတ်ဓာတ် ၃ မျိုး

စိတ်နှင့်ပတ်သက်သော အခြားအခြေခံလေ့လာစရာတစ်မျိုးမှာ စိတ်သည် တစ်မျိုးတည်းသာရှိသည်၊ သို့သော်လည်း ယင်းတစ်မျိုးတည်းသော ဖြူစင်သောစိတ်သည် တစ်ဦးနှင့်တစ်ဦး စွမ်းရည်ချင်း တူညီကြမည် မဟုတ်ကြဘဲ –

၁။ ပင်ကိုဗီဇ ထူးခြားသောစွမ်းအင်စိတ်ဓာတ်ရှိသူ၊

၂။ လေ့လာပွားများ၍ ထူးခြားသောစွမ်းအင်စိတ်ဓာတ်ရှိသူ၊

၃။ အခြေခံဗီဇအားနည်းသော စွမ်းအင်စိတ်ဓာတ်ရှိသူ

ဟူ၍ ကျွန်ုပ်တို့ ယေဘုယျကောက်ချက်ချ၍ လေ့လာကြည့်နိုင်သည်။

## သင်္ကေတနိမိတ်ဟော

သင်္ကေတနိမိတ်ဟောနှင့်ပတ်သက်၍ ယခုခေတ်၌လည်း ရှိ၏။ ယင်းအဟော ပညာသည်လည်း လေ့လာမှတ်သား၍ဟောသော အတတ်ပညာဖြစ်၏။ ကျီးမြည်သံ၊ ကြက်မြည်သံ၊ နွားမြည်သံ၊ အိမ်မြှောင်စုတ်ထိုးသံ၊ တောက်တဲ့မြည်သံ၊ လင်းတမြည်သံ၊ ကြွေကျသံ၊ အပေါ်သို့တက်သံ စသည်များသည်လည်းကောင်း၊ သစ်ရွက်ကောက် ဟောခြင်း၊ အနေအထိုင်ကိုလေ့လာ၍ဟောခြင်း၊ မေးသူ၏အမူအရာကိုကြည့်၍ ဟောခြင်း စသည်များသည်လည်းကောင်း နိမိတ်ဟောမည်ကုန်၏။ ယင်းနိမိတ်ဟောများသည် သင်္ကေတကို အစွဲပြု၍ ဟောသည်မှန်သော်လည်း ယေဘုယျအားဖြင့် မှန်တတ်၏။

ဤ၌ ကျွန်ုပ်တို့လေ့လာရမည့်အချက်တစ်ချက်ကို သတိပြုရပေမည်။ ယင်းမှာ လူတစ်ယောက်၏ အနာဂတ်၌ဖြစ်လာမည့် ကြောင်းကျိုး၊ ကောင်းဆိုးများသည် တစ်စုံ တစ်ခုသော အခြားသတ္တဝါတို့၏အသံများ၊ အပြုအမူများနှင့် မည်ကဲ့သို့ ဆက်စပ်မှုရှိသည် မရှိသည်ဟူသော အချက်ဖြစ်၏။ ထို့အပြင် မိမိ၏အနာဂတ် ကောင်းဆိုးကိုသိလိုချိန် အမြင့်ဆုံးကာလ၌ ကြားရသော အသံဗလံများ၊ ဖြစ်ပေါ်လာသော အရေးအခင်းများသည် နောင်၌ဖြစ်ပျက်ရန်အခြေအနေကို ဖန်တီးနေသည်ဟူသောအချက်သည် အမှန်တကယ် အားဖြင့် ဖြစ်နိုင်၊ မဖြစ်နိုင်ဟူသော အချက်ဖြစ်၏။ အကယ်၍ သတ္တဝါတစ်ဦး၏ အနာဂတ်


mgyoe.com

mgyoe.com SAMPLE BOOK

ကျိုးပြစ်ကို သိလိုချိန်၊ အမြင့်ဆုံးကာလ၌ ကြားရသော၊ မြင်ရသော၊ တွေ့ရသော အရေးအခင်းများသည် ထိုပုဂ္ဂိုလ်အတွက် အနာဂတ်ဖြစ်ပေါ်လာရန် အတိတ်နိမိတ်များ အမှန်ဖြစ်သည်ဟူသောအချက်သာ မှန်ကန်မှုရှိသည်ဆိုပါက သတ္တဝါတစ်ဦး၏ မူလဗီဇ သတ္တိသည် အခြားသတ္တဝါများ၏ မူလဗီဇနှင့် ဆက်နွယ်မှုရှိသည်ဟူသော အယူအဆကို လက်ခံရန်မှတစ်ပါး တခြားနည်းလမ်း မရှိချေ။

## နတ် ၃ မျိုး

နတ်ကိုမေး၍ဟောခြင်း၊ နတ်မှတစ်ဆင့်ဟောခြင်း၊ နတ်ဝင် နတ်ပူးခြင်း စသော နတ်နှင့်ပတ်သက်သော အယူအဆများသည် ဗုဒ္ဓကျမ်းစာများ၌ ဖော်ပြထားသည့်မှုနှင့် လေ့လာကြရပေလိမ့်မည်။ ဤ၌ ပထမ နတ်ရှိ မရှိဟူသော အယူအဆကို စတင်လေ့လာမှ ပိုမိုပြည့်စုံပေလိမ့်မည်။ နတ်ဟူသောဝေါဟာရသည် ပင်မပါဠိဘာသာ၌ ဒေဝဟူသော စကားဖြစ်၏။ ဒေဝဟူသော ပါဠိစကားအရ မူလအဓိပ္ပာယ်မှာ ''မိုးတိမ်၊ သေမင်း၊ ဝိသုဒ္ဓိနတ်၊ ဥပပတ္တိနတ်၊ သမုတိနတ်''ဟူ၍ ဖြစ်၏။

**(အဘိဓာန်-ဂါထာ ၈၄၂)**

| | | |
|---|---|---|
| ဝိသုဒ္ဓိနတ် | = | ဘုရား၊ ရဟန္တာများ |
| ဥပပတ္တိနတ် | = | ကိုယ်ထင်ရှားဖြစ်သော စတုမဟာရာဇ် တာဝတိံသာဘုံ တို့၌ဖြစ်သော နတ်များ |
| သမုတိနတ် | = | ရှင်ဘုရင်၊ သမ္မတ၊ နိုင်ငံအုပ်ချုပ်သူ |

ဤ၌ ဒေဝသဒ္ဒါနှင့်ပတ်သက်၍ မူလစကားအဓိပ္ပာယ်များအနက် ဥပပတ္တိနတ် ဆိုသောစကားတစ်ခု ပါဝင်နေ၏။ ကျန်စကားအဓိပ္ပာယ်များမှာ အထူးရှင်းလင်းရန် မလို အပ်သော်လည်း ဥပပတ္တိနတ်အကြောင်းကိုမူ ဤ၌ ရှင်းလင်းရပေလိမ့်မည်။ ဥပပတ္တိနတ် အကြောင်းသည် ၃၁ ဘုံနှင့်ဆက်နွယ်နေရကား ၃၁ ဘုံကို စတင်လေ့လာပါမှ ဥပပတ္တိ အကြောင်း ပိုမိုပြည့်စုံပေလိမ့်မည်။ လူ၊ တိရစ္ဆာန်၊ ပြိတ္တာဟူသော သတ္တဝါများကို လူသားများမြင်နေရသဖြင့် အထူးရှင်းလင်းရန် မလိုအပ်ဘဲ ငရဲ၊ အသူရကာယ်၊ စတု မဟာရာဇ်၊ တာဝတိံသာစသော ငရဲသားများနှင့် နတ်များမှာမူ မျက်မြင်အရာများ မဟုတ် ရကား ယနေ့လို သိပ္ပံထွန်းကားသောခေတ်၌ ယင်းသတ္တဝါများ ရှိ မရှိဟူသော ပြဿနာသည် အဓိကမေးခွန်းတစ်ခု ဖြစ်နေလေသည်။ သတ္တဝါတို့သည် ကောင်းမှု၊


mgyoe.com

mgyoe.com SAMPLE BOOK

မကောင်းမှုပြုသော အကြောင်းနှစ်မျိုးကြောင့် ကောင်းသောဘုံဘဝ၊ မကောင်းသော ဘုံဘဝသို့ ရောက်ကြရ၏။ ကောင်းသောဘုံဘဝဆိုသည်မှာ စတုမဟာရာဇ်စသော နတ်ဘုံဖြစ်၍ မကောင်းသောဘုံဘဝဆိုသည်မှာ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ် ဘုံများဖြစ်လေသည်။

ငရဲ၊ နတ် စသော သတ္တဝါများသည် လူသားများမြင်တွေ့ရသောအရာများ မဟုတ်ချေ။ ဘုရားဟောကျမ်းဂန်များ၊ ရှေးဟောင်းကျမ်းကြီးများ၌ ဖော်ပြထားချက်ကို အစွဲပြု၍ သိမှတ်ကြရ၏။ ထို့အပြင် နတ်ပူးသည်၊ တစ်ဦးတစ်ယောက်၌ ကပ်မှီ၍ပြောသည် ဟူသော အယူအဆများကြောင့် နတ်များရှိသည်ဟူ၍ မှတ်သားကြရ၏။ နတ်များသည် ပူးကပ်၍ပြောသည်ဆိုခြင်းမှာ ယနေ့မျက်မြင်ဖြစ်သော်လည်း ယင်းကို ယုံကြည်ရန်မသင့် ဟူ၍ များစွာသောလူသားများ ငြင်းပယ်လျက်ရှိကြကုန်၏။

## ၃၁ ဘုံကို ခန္ဓာဖွဲ့စည်းသောအခါ

၁။ ခန္ဓာငါးပါးရသောဘုံ = အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ခြောက်ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ။

၂။ ခန္ဓာလေးပါးရသောဘုံ = အရူပလေးဘုံ။

၃။ ခန္ဓာတစ်ပါးရသောဘုံ = အသညသတ်ဘုံ။

ယင်းသို့ ၃၁ ဘုံကို ခန္ဓာဖွဲ့စည်းကြည့်လျှင် နတ်များစွာတို့သည်လည်းကောင်း၊ ငရဲသားတို့သည်လည်းကောင်း ခန္ဓာငါးပါးကိုရရှိသူများဖြစ်ကြောင်း တွေ့မြင်ရပေသည်။ ခန္ဓာငါးငါးလုံးကိုရသည်ဆိုလျှင် ထိုနတ်များသည် ဝိညာဉ်လောကသားများ မဟုတ်ကြတော့ဘဲ လူနှင့်အတူပင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ရှိကြောင်း ထင်ရှားနေလေသည်။ သို့ဖြစ်ရာ နတ်ဆိုသောအမျိုးအစား သတ္တဝါများသည် ဝိညာဉ်လောကသားများမဟုတ်ဘဲ လူကဲ့သို့ပင် ခန္ဓာငါးပါးရှိကြောင်း ပိဋကတ်အရ ထင်ရှားနေသည်။

သတ္တဝါတို့သည် မွေးရာပါဇီဝသတ္တိရှိကြောင်း ကျွန်ုပ်တို့တွေ့ရပေမည်။ မြွေသည် အဆိပ်ပြင်းသောသတ္တဝါမျိုး၊ ငှက်သည် ပျံတတ်သောသတ္တဝါမျိုး၊ ငါးသည် ရေ၌သွားလာတတ်သောသတ္တဝါမျိုး စသည်ဖြင့် မူလဇီဝသတ္တိထူးတစ်မျိုးစီကို သတ္တဝါတို့သည် ကမ္မဝိပါကအရ နိယာမဇီဝသတ္တိထူးရှိကြရာ နတ်ဆိုသောသတ္တဝါများသည်လည်း သူတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်း၊ နေရာအဆောက်အအုံတို့ကို တခြားသတ္တဝါများ မမြင်နိုင်အောင် သူတို့၏ကမ္မသတ္တိ ဇီဝနိယာမက ဖုံးကွယ်ထားနိုင်စွမ်း ရှိပေလိမ့်မည်။


mgyoe.com

mgyoe.com SAMPLE BOOK

## ကမ္ဘာလှည့်ပတ်လည်နေသည်

ကျွန်ုပ်တို့ လူသတ္တဝါများသည် မိမိနေရာဒေသအပိုင်းအခြား၌ ရပ်တည်နေသူများဟု ကိုယ့်ကိုယ်ကိုယ် ယူဆထားသူများဖြစ်ကြပေသည်။ သို့ရာတွင် သိပ္ပံပညာ၏ အစွမ်းဖြင့် လေ့လာကြည့်သောအခါ ဤကမ္ဘာကြီးသည် လည်နေသည်ဟု အဖြေမှန်ကို ရရှိကြပေသည်။ ကမ္ဘာသည် လည်သည်ဆိုသော သိပ္ပံအယူအဆကို ရှေးအစဉ်အလာ သမားများသည် ယနေ့တိုင်အောင် ငြင်းဆန်လျက်ရှိကြပေသေးသည်။ ကမ္ဘာလှည့်ပတ်နေသည်ဆိုသော သိပ္ပံပညာဖြင့် စုံစမ်း၍ရသောအဖြေကို အခြေတည်၍ စဉ်းစားရလျှင် လူအများ နားမလည်နိုင်သော အဖြေတစ်ခု ဖြစ်နေပေသည်။ ဤကမ္ဘာပေါ်၌ သွားလာနေကြသော လူသားများသည် မိမိသွားလာလှုပ်ရှားနေသော ကမ္ဘာမြေကြီး လှည့်ပတ်သွားလာနေသည်ကိုမသိခြင်းမှာ နိယာမသဘာဝဖြစ်ပေသည်။ သိပ္ပံပညာ၏ ထောက်လှမ်းစုံစမ်းမှုအရသာ ကမ္ဘာလှည့်ပတ်နေသည်ဟု လက်ခံထားကြသည်မှန်သော်လည်း မိမိကိုယ်တိုင် ကမ္ဘာလှည့်ပတ်နေသည်ဟု မည်သူတစ်ဦးတစ်ယောက်ကမျှ မသိမမြင်ကြပေ။ သိရှိနိုင်သောစွမ်းရည်ရှိသူများလည်းမဟုတ်ချေ။ မိမိနေရသော နေရာဒေသတစ်ခု၏ အမှန်တကယ် အဖြစ်အပျက်အမှန်ကို သိရှိရန်မှာ ထိုဒေသ၌နေသူများအဖို့ မလွယ်ကူသော လောက၏ ဖုံးကွယ်လျှို့ဝှက်အပ်သော သဘာဝတရားပင်ဖြစ်ပါသည်။

ဤသို့ပင်လျှင် ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးခေါ်သော စတုမဟာရာဇ်၏ အောက်တန်းစားများ နေရာသည်လည်း ညောင်ပင်များ၊ သစ်ချုံများ၊ လိုဏ်ခေါင်းများ ဖြစ်စေကာမူ သူတို့သတိ၌မူ ဗိမာန်ကြီးတစ်ခုဟုသာ ထင်မြင်နေကြပေလိမ့်မည်။ စတုမဟာရာဇ်စသော ဘုံဗိမာန်ဖြင့် သီးခြားနေကြသော နတ်များသည်မူကား သူတို့၏ ဝိပါကအလျောက် လှူပြည်နှင့် မိုင်ပေါင်း ယူဇနာပေါင်းများစွာ ဝေးကွာသောဒေသဖြစ်၍ သူတို့နေရာသည် ကြီးကျယ်သော ဗိမာန်များ ရှိကောင်းရှိပေလိမ့်မည်။

## နတ်အစားအစာ

နတ်အစားအစာနှင့်ပတ်သက်၍ နတ်များသည် အငွေ့ကိုစားကြသည်ဟု ပြောဆိုလေ့ရှိပေသည်။ အငွေ့ကိုစားသည်ဆိုခြင်းနှင့်ပတ်သက်၍ ဖြစ်နိုင် မဖြစ်နိုင်ကို ကျွန်ုပ်တို့ ဆက်လက်လေ့လာကြရပေလိမ့်မည်။ နွားသည် မြက်ကိုစား၍အားရှိသည်၊ ဥရောပသားသည် ပေါင်မုန့်နှင့် တခြားအစားအစာကိုစား၍ အားဖြစ်သည်၊ အာရှသားများသည်

mgyoe.com

mgyoe.com SAMPLE BOOK

ထမင်းကိုစား၍ အားဖြစ်သည်၊ ငါးသည် ရေမှိုနှင့်ရေမှော်များကိုစား၍ အားရှိအားဖြစ်သည်၊ သားရဲတိရစ္ဆာန်များသည် သူတစ်ပါး၏အသက်ကိုစား၍ အားဖြစ်သည်၊ ငှက်များသည် သစ်သီးသီးနှံများကိုစား၍ အားဖြစ်သည် စသည်ဖြင့် သတ္တဝါတစ်မျိုးနှင့်တစ်မျိုးတို့သည် မျိုးရိုးဗီဇကိုလိုက်၍လည်းကောင်း၊ ရေမြေပထဝီကိုလိုက်၍လည်းကောင်း အစားအစာချင်း မတူညီကြချေ။ ထိုသို့ အစားအစာချင်း မတူညီကြသော်လည်း ယင်းသတ္တဝါအားလုံး တို့သည် အသက်ရှင်နေကြလေသည်။

သို့ဖြစ်ရာ နတ်နှင့်ငရဲသားတို့သည်လည်း မိမိတို့ဗီဇသတ္တိအလျောက် အစားအစာ များနှင့်ပတ်သက်၍ အငွေ့အာရုံကို ခံစားကာမျှဖြင့် အာဟာရသတ္တိပြည့်စုံကြသည် ဆိုခြင်းမှာ ယုတ္တိမတန်ဟု မဆိုနိုင်ချေ။ သို့ရာတွင် အောက်ပါစကားကို ထည့်သွင်းစဉ်းစား ရာ၏။

"နတ်၊ လူ နှစ်မျိုးတို့သည် ထမင်းကိုသာလျှင် တောင့်တကြကုန်၏"။

**(ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂ၊ အန္နသုတ် – ၂၉)**

## နတ်ပူးခြင်း

နတ်ပူးခြင်း၊ နတ်ကပ်မိခြင်းစသော ပြဿနာနှင့်ပတ်သက်၍ စိတ်တန်ခိုး အကြောင်းနှင့်ဆက်သွယ်နိုင်ကြောင်း ဤစာအုပ်စာမျက်နှာ (၂၄) ၌ အယူအဆတစ်မျိုးကို တင်ပြခဲ့ပြီးဖြစ်၏။ ပိဋကတ်၌ သုတ္တန်အတော်များများမှာ နတ်ရှိကြောင်း ဖော်ပြထားသည့် အပြင် ဝိမာနဝတ္ထု၊ ပေတဝတ္ထုများအရ နတ်များသည် လူ့ဗိုက်ထဲသို့ဝင်၍လည်းကောင်း၊ လူများကိုမှီကပ်၍လည်းကောင်း၊ အစားအစာများကို တောင်းရမ်းစားသောက်တတ်ကြောင်း ဖော်ပြထား၏။ ထို့အပြင် ဥစ္စာစောင့်များက မိမိတို့စောင့်ရှောက်ထားသော ရတနာအချို့ ကိုပင် မိမိနှင့်တစ်ကြိမ်တစ်ခါက ဆွေမျိုးတော်စပ်ဖူးသော သူတို့အား ပေးကမ်းကြောင်း လာ၏။ တခြားသုတ္တန်တစ်ခုမှာ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ခရီးလမ်းတစ်ခုသို့ အတူသွားကြစဉ် ဘီလူးတစ်ယောက်က ရှင်သာရိပုတ္တရာ၏ဦးခေါင်းကို တင်းပုတ်ဖြင့် ထုရိုက်ကြောင်း လာ၏။ သို့ဖြစ်ရာ နတ်များသည် လူတို့ကို ပူးကပ်နိုင်ကြသည်ဟူသော အချက်မှာ ပိဋကတ်လာစကားအရ ထင်ရှားနေပေသည်။ တစ်ကြိမ်၌မူ လမ်းလျှောက် နေသော ရှင်မောဂ္ဂလာန်၏ ဝမ်းဗိုက်ထဲသို့ နတ်တစ်ပါး ဝင်နေသည်ဆို၏။

ဤ၌ နတ်သည် လူကိုပူး၍ပြောနိုင်သော နတ်တစ်မျိုး၊

တိုက်ရိုက်လာပြောနိုင်သော နတ်တစ်မျိုး


mgyoe.com

mgyoe.com SAMPLE BOOK

ဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။ လူကို ပူးကပ်၍ပြောနိုင်သော နတ်တစ်မျိုးဆိုသည်မှာ လူ့ပြည်အတွင်း သို့မဟုတ် ဤကမ္ဘာမြေပြင်အတွင်း မှီတင်းနေထိုင်ကြသော ပေတနတ်များ၊ အသူရကာယ်အုပ်စုဝင်နတ်များ၊ စတုမဟာရာဇ်နတ်အုပ်စုဝင် ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်များ ဖြစ်လေသည်။ ယင်းနတ်များသည် လူတို့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်၍ မိမိအလိုရှိရာများကို တောင်းယူစားသောက်တတ်ကြသည်ဟု ဆိုလေသည်။ စတုမဟာရာဇ်ဘုံ၌နေကြကုန်သော သို့မဟုတ် ဘုံသီးခြားနေကြသော စတုမဟာရာဇ်၊ တာဝတိံသာအစရှိသော နတ်များသည် လူကိုမှီကပ်ကြသည်ဟူ၍ ပိဋကတ်၌ များများစားစားမတွေ့ရချေ။ သို့ရာတွင် ထိုနတ်များသည် ကိုယ်ထင်ရှားပြ၍ လူများနှင့် စကားဆိုကြောင်းကိုကား နေရာအနှံ့အပြား တွေ့ရပေသည်။

## အသေထွက် – အရှင်ထွက်

ထို့အပြင် မြန်မာနိုင်ငံ၌ ပိဋကတ်၌မလာသော ပြဿနာတစ်မျိုး ရှိသေး၏။ ယင်းကား ထွက်ရပ်လမ်းပေါက်သည်ဆိုသောစကား ဖြစ်လေသည်။ ထွက်ရပ်လမ်းပေါက်သည်ဆိုရာ၌ နှစ်မျိုးနှစ်စားရှိသည်ဆို၏။ ပထမတစ်မျိုးမှာ အသေထွက်ဖြစ်၍ နောက်တစ်မျိုးမှာ အရှင်ထွက်ဟူ၍ ဖြစ်လေသည်။

အသေထွက်ဆိုသည်မှာ သတ္တဝါတစ်ဦးသည် သေလွန်သွားပြီးနောက် ထွက်ရပ်လမ်းပေါက်သွားသည်ဟုဆိုလို၍ အရှင်ထွက်ဆိုသည်မှာ မသေဘဲ ထိုပုဂ္ဂိုလ်သည် လူမမြင်ရသော ခန္ဓာကိုယ်အဖြစ် ပြောင်းလဲသွားပြီး နှစ်ပေါင်းများစွာ အသက်ရှင်လျက် တရားဓမ္မများကို ကျင့်နေသည်ဟု ဆိုလိုပေသည်။ အသေထွက်၊ အရှင်ထွက် ပုဂ္ဂိုလ်များသည် လူများမမြင်နိုင်သော ကိုယ်ခန္ဓာအဖြစ်သို့ ရောက်သွားသည်။ လက်ရှိခန္ဓာကိုယ်ကိုစွန့်၍ ရောက်သွားသူနှင့် ခန္ဓာကိုယ်ကိုမစွန့်ဘဲ ရောက်သွားသူဟူ၍သာ ခြားနားသည်ဟု ဆိုကြလေသည်။ ဤအယူအဆသည် ပိဋကတ်မှာလည်းမလာဘဲလျက် မည်သည့်အယူအဆမှ တစ်ဆင့် ကူးလာသနည်းဆိုသောအချက်ကို ကျွန်ုပ်တို့လေ့လာသင့်ကြပေသည်။

## ရှင်လေးပါး – သေလေးပါး

အစပထမ လေ့လာရန်အချက်မှာ ရှင်လေးပါး၊ သေလေးပါး ဟူ၍ ရဟန္တာပုဂ္ဂိုလ်များကို ခွဲခြား၍ သတ်မှတ်ထားကြ၏။ ရှင်လေးပါးစာရင်း၌ –

mgyoe.com

mgyoe.com SAMPLE BOOK

| | | | |
|---|---|---|---|
| ၁။ | ရှင်ဥပဂုတ် | တောင်သမုဒ္ဒရာ | ကြေးပြာသာဒ် |
| ၂။ | ရှင်သာရဒတ္တ | မြောက်သမုဒ္ဒရာ | ရွှေပြာသာဒ် |
| ၃။ | ရှင်အင်္ဂေါသာရ | အရှေ့သမုဒ္ဒရာ | ရွှေပြာသာဒ် |
| ၄။ | ရှင်မေဃရ | အနောက်သမုဒ္ဒရာ | ကြေးပြာသာဒ် |

သေလေးပါးစာရင်း၌မူ အောက်ပါလေးပါး ပါဝင်ကြောင်း ဖော်ပြထား၏။

| | | | |
|---|---|---|---|
| ၁။ | ရှင်မဟာကဿပ | ဝေဘာရတောင် | ကျောက်နေရာထက် |
| ၂။ | ရှင်မဟာသံသာရ | ဥတ္တမတောင် | |
| ၃။ | ရှင်ဥပေက္ခ | မကုလတောင် | |
| ၄။ | ရှင်ဓမ္မသာရ | မကုလတောင် | |

ယင်း အထက်ပါ ရှင်လေးပါး၊ သေလေးပါးမှာ မည်သည့်ပိဋကတ်ကျမ်းဂန်များမှာမှ မလာဘဲ ရှေးခေတ်က ပေါ်ခဲ့ဖူးသော ဘုရားရှိခိုးအမျိုးမျိုးစာအုပ်တွင် တွေ့ရဖူး၏။ မည်သူက စတင်တီထွင်လိုက်သည်ဟု လက်သည်အတိအကျမရှိဘဲ မြန်မာ ဗုဒ္ဓဘာသာများအတွင်းသို့ အယူအဆတစ်မျိုး ရောက်နေသည်မှာ ဝမ်းနည်းဖွယ်ရာကောင်းလှ၏။ ရဟန္တာပုဂ္ဂိုလ်များ၏ဂုဏ်တော်၊ ဗုဒ္ဓ၏တရားတော်ကိုမျှ မျက်နှာမထောက်ဘဲ ထင်ရာကိုဖန်တီးကြသည်မှာ ဗုဒ္ဓဘာသာဝင်များအဖို့ ကောင်းသောလက္ခဏာကား မဟုတ်ချေ။ ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်များကို ယနေ့တိုင်အောင် အသက်ရှင်လျက်ရှိသည့်သဘော သက်ရောက်အောင် ဖန်တီး၍ ယုံသူကလည်း ယုံနိုင်ကြသည်မှာ အံ့ဩဖွယ်ရာရှိချေသည်။

ဗုဒ္ဓကိုယ်တော်တိုင် ပရိနိဗ္ဗာန်ပြုသွားပြီဟု အတိအကျသိထားပါလျက် ဗုဒ္ဓ၏ သာဝကရဟန္တာများ ယနေ့တိုင်အောင် 'မသေဘဲ ပရိနိဗ္ဗာန်မပြုဘဲ ပင်လယ်ထဲမှာရှိနေသည်၊ သမုဒ္ဒရာထဲမှာရှိနေသည်၊ သေလွန်ပြီးသော၊ ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်များမှာလည်း ယနေ့တိုင်အောင် မပုပ်မသိုးဘဲရှိနေသည်။ ဆွမ်းကိုပင် ဘုဉ်းပေးသည်။ ဆွမ်းများကိုမျှော်လိုက်ပါက ဆွမ်းများပါမလာဘဲ ဆွမ်းထည့်ပေးလိုက်သော ပန်းကန်မှသာ ကျောက်ခေါင်းမှ ပြန်လည်ထွက်လာသည်'ဟု ယုံကြည်ကြသည်မှာ အလွန်ရယ်စရာကောင်းသည့်အပြင် ဗုဒ္ဓဘာသာကိုလည်း ကရော်ကမည်ဖြစ်အောင်လုပ်သည်နှင့် တူနေကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အရှင်ထွက် – အသေထွက်ပြဿနာ

ဤသို့ အသေထွက်၊ အရှင်ထွက်စသော ပြဿနာများနှင့်ပတ်သက်၍ ထေရဝါဒ ပိဋကတ်၌ တစ်စွန်းတစ်စမျှ ဖော်ပြထားခြင်းမရှိဘဲ ရဟန္တာပုဂ္ဂိုလ်များကိုပင် ထည့်သွင်းထားသည့်ကိစ္စကို တခြားလေ့လာစရာ၊ စဉ်းစားစရာရှိသည်မှာ မဟာယာနဗုဒ္ဓဘာသာမှ ကျန်ခဲ့ခြင်းလောဟု ယူဆနိုင်၏။ မဟာယာနဗုဒ္ဓဘာသာ၊ ထိုမှတစ်ဆင့် အရည်းကြီးများသည် ထေရဝါဒ ဗုဒ္ဓဘာသာ မရောက်မီက မြန်မာနိုင်ငံ၌တည်ရှိခဲ့၏။ ယင်း မဟာယာနဂိုဏ်း (အရည်းကြီး) များ၌ 'ဗုဒ္ဓသည် မသေ–နိဗ္ဗာန်ဘုံသို့ ရောက်နေ၏။ ရဟန္တာ (အရဟတ်)များသည် မသေ။ ဤလောကသို့ တရားဟောရန် ကြွလာကြပြီ၊ ထိုဘုရားနှင့် အရဟတ်တို့သည် နိဗ္ဗာန်ရွှေပြည်ဘုံ၌ ယခုအခါ စံနေကြ၏'ဟု ယူဆထားသော မဟာယာနဂိုဏ်းများရှိ၏။

သာသနာသက္ကရာဇ် ၁၁၈၅ ခုနှစ်လောက်တွင် တိဗက်သို့ မဟာယာနဗုဒ္ဓဘာသာ စတင်ရောက်ရှိလာခဲ့သည်။ တန္တရဂိုဏ်းဝင် နာလန္ဒကျောင်း၌ သီတင်းသုံးနေသော အရှင်ဂုရုပဒ္မသမ္ဘဝသည် သာသနာသက္ကရာဇ် ၁၂၉၁ ခုနှစ်တွင် တိဗက်သို့ရောက်လာရာမှ တိဗက်၌ မဟာယာနဗုဒ္ဓဘာသာသည် အခြေတကျဖြစ်လာခဲ့သည်။ ယင်းအရှင်သာသနာပြုရာ၌ နောင်အခါတွင် မဟာယာနတစ်ဖြစ်လဲ လားမားဗုဒ္ဓဘာသာဟူ၍ အမည်တွင်လာခဲ့သည်။ ထိုအရှင်သည် စုန်း၊ နတ်၊ ပယောဂစသည်တို့ကို ယုံကြည်ပြီး လူများစွာတို့က ဗုဒ္ဓဘာသာ ရဟန်းတော်အဖြစ်ထက် ပယောဂဆရာကြီးအဖြစ် ကြည်ညိုသည်ဟု သမိုင်းက ဆိုထားသည်။

မြန်မာနိုင်ငံ၌ သာသနာသက္ကရာဇ် ၁၆၀၀ ခုနှစ်မတိုင်မီက အရည်းကြီး မဟာယာနများရှိခဲ့သည်ဟု သမိုင်းက ဆိုထားသည်။ သို့ဖြစ်ရာ တိဗက်သို့ မဟာယာန ဗုဒ္ဓဘာသာရောက်ပြီး နောက်နှစ်ပေါင်း ၅၀၀ ပတ်ဝန်းကျင်ကာလသည် မြန်မာနိုင်ငံ၌လည်း မဟာယာနဂိုဏ်းများ ကြီးစိုးနေသောကာလဖြစ်မည်မှာ ယုံမှားသံသယဖြစ်စရာ မလိုချေ။ တိဗက်မှ ရောက်လာနိုင်သော မဟာယာနသည် အရဟံဟူသောစကားကို အစွဲပြု၍ အရည်းကြီးဟု ထင်ရှားလာသည်။ သူတို့သည် မြန်မာနိုင်ငံသို့ရောက်လာပြီးနောက် များစွာချဲ့ထွင်ခဲ့ကြသည်။

သေရည်အရက်များကို အလှူခံနိုင်သည်၊ သောက်သုံးနိုင်သည်ဟုဟောပြောကာ ယစ်ထုပ်ကြီးဖြစ်လာကြသည်။ ပန်းဦးလွှတ်သည်ဟူသော ဝေါဟာရမှာ မင်္ဂလာဆောင်ပြီး သတို့သမီးကို အရည်းကြီးတို့လက်ထဲသို့ အပ်လိုက်ရသော ဝေါဟာရပင်ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ရှင်အဖွဲ့ဂေါဏ၊ ရှင်မထီး၊ ဘားမဲ့

ရှင်အဖွဲ့ဂေါဏ၊ ရှင်မထီး၊ ဘားမဲ့စသော ရဟန်းတို့သည် ထေရဝါဒ ရှင်အရဟံမှ ဆင်းသက်လာသော ရဟန်းများကား မဟုတ်ချေ။ ထေရဝါဒခေတ်မတိုင်မီက ရှိနှင့်ကြသော အရည်းကြီးရဟန်းခေတ်က ရဟန်းများသာဖြစ်ကြသည်။ ထိုရဟန်းများအနက် ရှင်အဖွဲ့ဂေါဏမှာ အင်္ဂရတ်ဆရာ ရဟန်းတော်ဖြစ်၍ ရှင်မထီးနှင့် ဘားမဲ့စသော ရဟန်းတို့မှာ ဂါထာမန္တရား၊ အင်းအိုင်များဖြင့် နာမည်ကြီးကြသူများဖြစ်ကြသည်။ ထိုရဟန်းများသည် ယနေ့တိုင် ပျံလွန်ခြင်းမရှိသေးဘဲ ဆရာစဉ်ဆက် ဝင်စားလာကြသည်။ ယနေ့တိုင် ဂိုဏ်းလုပ်ငန်း၊ ပျောက်စေလုပ်ငန်း၊ စီးပွားတိုးတက်ရေး ဓာတ်ဖွင့်လုပ်ငန်းတို့ဖြင့် နာမည်ကြီးနေသော လူအချို့နှင့် ရဟန်းတော်အချို့သည်ပင် ထိုထိုဆရာများ အစဉ်အဆက် ဝင်စီးနေကြသည်ဟု ပြောဟောသူက ပြောဟောလျက် ယုံကြည်သူက ယုံကြည်လျက်ရှိသေးသည်။

ထေရဝါဒဗုဒ္ဓဘာသာအတွင်းသို့ မဟာယာနဗုဒ္ဓဘာသာတစ်ဖြစ်လဲ အရည်းကြီးများ၏ အမွေအနှစ်ကို တစ်ဆင့်လက်ခံကြရသော ထေရဝါဒဂိုဏ်းဝင် မြန်မာရဟန်းတော်များအတွင်းသို့ မူလရှိခဲ့သည့် အရည်းကြီးတို့၏ မဟာယာန တန္တရ မန္တရအယူအဆများ အနည်းနှင့်အများ အမွေဆက်ခံလာရသည်မှာ အဆန်းမဟုတ်ချေ။ မြတ်စွာဘုရား၏ မုခပါဌ်တော်များကို ဂါထာမန္တရားအဖြစ်သို့ ပြောင်းလဲခြင်းနှင့် သီဟိုဠ်ခေတ်မှ ကျမ်းပြုပုဂ္ဂိုလ်များ၏ ကျမ်းစာများ၌ ဗြာဟ္မဏအယူအဆများ ရောနှောလာသည်ကို မြန်မာရဟန်းတော်များကတစ်ဆင့် လက်ခံယူလာရခြင်း စသောအကြောင်းအရာများသည် မြန်မာနိုင်ငံ ထေရဝါဒရဟန်းများအဖို့ အမွေအနှစ်ကြီးတစ်ရပ်ပင်ဖြစ်လေသည်။

## အလောင်းပျောက်သည်

ဗုဒ္ဓဘာသာကျမ်းဂန်၌မူ ဗုဒ္ဓကိုယ်တိုင် အလောင်းပျောက်သည်ဟု မရှိခဲ့ချေ။ အချို့ရဟန္တာများ ကောင်းကင်ပြင်၌ ပရိနိဗ္ဗာန်ပြုကြောင်း ဖော်ပြထားသော်လည်း ထိုနေရာမှ ဓာတ်တော်များ၊ ပြာများကျကြောင်း ဖော်ပြထားလေသည်။ သို့ဖြစ်ရာ အလောင်းပျောက်သည်ဟူသော အယူအဆမျိုးမှာ တခြားဘာသာမှ မှီငြမ်းပြင်ဆင်ထားသော အယူအဆမျိုး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့ပြင် မိမိတို့ပဋိသန္ဓေယူရသောကာလ၏ အသက်အပိုင်းအခြားထက် နှစ်ပေါင်းများစွာကျော်လွန်၍ သတ္တဝါတစ်ဦး အသက်ရှင်နေသည်ဟူ၍လည်း ပိဋကတ်ကျမ်းများ၌ ဖော်ပြထားချက်မရှိချေ။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က ယောဂီတို့၏ အကျင့်လုပ်ငန်းသည် အထွတ်အထိပ်သို့ ရောက်နေသောကာလ ဖြစ်၏။ ပူရာဏကဿပ၊ မက္ခလိဂေါသာလနှင့် အစေလကများသည် ဟိမဝန္တာတစ်ဝိုက်၌ ထူထပ်စွာရှိနေကြ၏။ ထိုထိုအကျင့်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်ပင် အသက်သိန်းသန်းရှည်ကြောင်း၊ ထိုပုဂ္ဂိုလ်များနှင့် ဗုဒ္ဓတရားဆွေးနွေးကြောင်း တစ်စွန်းတစ်စမျှ ပိဋကတ်၌ ဖော်ပြထားခြင်း မရှိချေ။

ထိုခေတ်က ထူးခြားသောဆရာကြီးများ၊ အတတ်ပညာပြည့်စုံသူများ၊ ဘုရင်များ၊ မှူးကြီးမတ်ရာများ၊ သူဌေးများ စသည့်ပုဂ္ဂိုလ်ထူးများသည် ဗုဒ္ဓနှင့်တွေ့ကြုံကြရသည်သာများ၏။ ဗုဒ္ဓသည် တောအနှံ့၊ တောင်အနှံ့၊ ရွာအနှံ့၊ ဇနပုဒ်အနှံ့သို့ သွားလာ၍ တရားဟော၏။ ထူထပ်သောသစ်တောကြီးများသို့ တစ်ဦးတည်းသွားလာနေတတ်၏။ သို့ပါလျက် "ဤဆေးကိုစားနေရ၍ သို့မဟုတ် ဤအကျင့်ကိုကျင့်သောကြောင့် တပည့်တော် အသက်တစ်သိန်းရှိပါပြီ"ဟု လျှောက်ထားသောပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ အကြောင်းကိုမျှ ပိဋကတ်၌ ဖော်ပြထားသည်ကို မတွေ့ရချေ။

## တပသီအကျင့်

တပသီဟူသောစကားကို မြန်မာက 'ဇော်ဂျီ'ဟု မြန်မာပြန်၏။ တပသီဟူသည် အကျင့်ကိုကျင့်သူ သို့မဟုတ် ယောဂါစရ၊ သို့မဟုတ် ဈာန်ဖြင့် မြေကိုလျှိုး၍ မိုးသို့ပျံတက်နိုင်သောအကျင့်ကို ကျင့်သူ၊ သို့မဟုတ် စိတ်ဖြင့် အဓိဋ္ဌာန်၍ မည်သည့်နေရာသို့မဆို ခဏချက်ချင်းရောက်နိုင်သောအကျင့်ကို ကျင့်သူ၊ သို့မဟုတ် အမြင်အကြားကို ရစေနိုင်သော ယောဂီအကျင့်ကိုကျင့်သူဟု အဓိပ္ပာယ်သက်ရောက်လေသည်။ ထို့အပြင် ကုလားမျိုး ၆၀ ကိုပြသော ဇမ္ဗူတံဆိပ်ကျမ်း၌ 'ဇော်ဂီ'ဟု ကုလားတစ်မျိုးကို ပြဆိုထားရာ ယင်းဇော်ဂီဟူသော ကုလားမျိုး၏အမည်ကို မြန်မာများက ယူထားသလားဟူ၍ စဉ်းစားစရာရှိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

## ဇော်ဂျီ (၄) မျိုး

ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာဟူသော အယူအဆလည်း တစ်မျိုးရှိသေး၏။ ဇော်ဂျီလေးမျိုးဟူသတည်း။ ပြဒါးသေကို စားရသဖြင့် အသက် သိန်းသန်းရှည်သည်။ သံသေကိုစားရသဖြင့် အသက်သိန်းသန်းကုဋေ ရှည်သည်။ အင်းအစွမ်းဖြင့် အသက် သိန်းသန်းကုဋေရှည်သည်။ ဆေးထူးတစ်မျိုးကို စားရသဖြင့် အသက်သိန်းသန်းကုဋေရှည်သည်ဟုဆိုသည်။

သို့ရာတွင် တပသီဟူသော စကား၏အဓိပ္ပာယ်ဆိုလိုချက်မှာ အကျင့်ကိုကျင့်၍ ထူးခြားသောအကြားအမြင်ကို ရသည်။ မြေလျှိုး မိုးပျံနိုင်သည်ဟူ၍သာ အဓိပ္ပာယ်ရကား အသက်သိန်းသန်းကုဋေ ရှည်သည်ဟူ၍ကား မဆိုလိုချေ။ အသက်ရှည်ကြောင်းကိုလည်း ပိဋကတ်၌ ခိုင်မာသောစကားစုများကို မတွေ့ရချေ။

၁။ ဘုရားရှင်သည် အတိုင်းအရှည်မရှိမူ၍ မိမိအာရုံပြုသည့် နှစ်ပရိစ္ဆေဒတိုင်အောင် မြင်၊ ကြားနိုင်သည်။
၂။ အဂ္ဂသာဝကနှစ်ပါးသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း နှစ်များကို မြင်နိုင် ကြားနိုင်သည်။
၃။ သာဝကများသည် ကမ္ဘာတစ်သိန်းကာလအတွင်း မြင်နိုင် ကြားနိုင်သည်။
၄။ ပစ္စေကဗုဒ္ဓါသည် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း မြင်နိုင် ကြားနိုင်သည်။
၅။ တိတ္ထိများတွင် *အဂ္ဂပတ္တကမ္မဝါဒီ ပုဂ္ဂိုလ်များသည် ကမ္ဘာလေးဆယ်အတွင်း နှစ်များကို မြင်နိုင် ကြားနိုင်သည်။

**(သုတ် မဟာဝါအဋ္ဌကထာ – နှာ – ၂)**

**မှတ်ချက်**

(*အဂ္ဂပတ္တကမ္မဝါဒီဆိုသည်မှာ ကံသာလျှင်အထွတ်အထိပ်ဖြစ်သည်ဟု ယုံကြည်၍ ကျင့်သောအယူဝါဒရှိသူ)

ပထမသံဂါယနာတင်ရန် ကြိုတင်စာရင်းပြုထားသော ရဟန္တာပုဂ္ဂိုလ်များသည် သံဂါယနာတင်ရန် အချိန်နီးကပ်သောကာလ၌ မိမိတို့အတွက် သတ်မှတ်ထားသော နေရာ၌ ထိုင်နေကြကုန်၏။ သို့ရာတွင် သံဂါယနာတင်ရန် စာရင်းဝင် ရှင်အာနန္ဒာသည်


mgyoe.com

mgyoe.com SAMPLE BOOK

မူကား တခြားသံဃာများ စုံလွင်စွာ မိမိနေရာသို့ အသီးသီးရောက်သည့်တိုင် မရောက်လာသေးချေ။ သတ်မှတ်သောအချိန်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ရှင်အာနန္ဒာသည် မိမိတန်ခိုးအာနုဘော်ကို ပြလိုသောကြောင့် မြေကိုလျှိုး၍ မိမိအတွက် သတ်မှတ်ထားသော နေရာ၌ ပကတိထိုင်နေသည့်အတိုင်း ပေါ်နေ၏။ အချို့ဆရာများကမူ ရှင်အာနန္ဒာသည် ကောင်းကင်ခရီးဖြင့် ကြွလာသည်ဟု ဆိုကြကုန်၏။

(သုတ်သီလက္ခန် – နိဒါနကထာ၊ နှာ – ၁၁)

## ထွက်ရပ်ပေါက်ပုဂ္ဂိုလ်

မြန်မာနိုင်ငံက ထွက်ရပ်လမ်းပေါက်သည်ဆိုသော ပုဂ္ဂိုလ်ထူးများသည် အကျင့်ကိုကျင့်သူ သို့မဟုတ် သထမအကျင့်ကိုကျင့်သူများ ဖြစ်ကြကုန်၏။ ထိုပုဂ္ဂိုလ်များသည် အကယ်၍ သမထအကျင့်များကိုကျင့်၍ ထူးခြားသော တရားဓမ္မသို့ ပေါက်ရောက်ခဲ့သည် မှန်က ပြဟ္မာအုပ်စု နတ်တစ်မျိုးမျိုး ဖြစ်စရာသာရှိသည်။ အကယ်၍ ပြဟ္မာအုပ်စုဖြစ်ပါက လူ့အနီးသို့ လုံးဝလာနိုင်သောသူများကားမဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သန့်ရှင်းသောကိုယ်ကာယရှိသူများဖြစ်ကြ၍ လူ၏အနံ့ကို လုံးဝ ခံစားနိုင်ကြသူများ မဟုတ်ကြသောကြောင့်တည်း။ သို့ဖြစ်ရာ သာသနာစောင့်၊ စတုလောကပါလနတ် တစ်မျိုးမျိုး ဖြစ်သည်ဆိုအံ့။ မကောင်းသောနတ်မိစ္ဆာများက လူတို့အား ပူးကပ်၍ သူတို့အလိုရှိရာကို တောင်းရမ်းသောအခါ ထိုနတ်ကောင်းနတ်မြတ်များကို တိုင်တန်း၍ ဤကိစ္စကိုတားမြစ်ပေးပါရန် မေတ္တာရပ်ခံပန်ကြားခဲ့ပါက ထိုနတ်ကောင်း နတ်မြတ်များက တားမြစ်ပေးလိမ့်မည်။ သို့ရာတွင် ထိုနတ်ကောင်းနတ်မြတ်ဟု သတ်မှတ်ကြသော ကမ္ဘာစောင့်နတ်(ဝါ) လောကပါလနတ်များသည်မူလည်း လူတို့အား ပူးခြင်းမရှိသောနတ်များသာ ဖြစ်ကြလေသည်။

## ဓာတ်စီး၊ နတ်စီး၊ လမိုင်းစီး

ဓာတ်စီး၊ နတ်စီး၊ လမိုင်းစီးဟူ၍ ရှိသေး၏။ ယင်းတို့၏ မူလလက္ခဏာမှာ စိတ်ပြောင်းနေခြင်းဖြစ်၏။ မူလပင်ကိုစိတ်များ အားနည်းသွားပြီး အခိုက်အတန့်အားဖြင့် စိတ်ရောဂါဝေဒနာသည် ဘဝသို့ရောက်နေ၏။ ဤသို့ဖြစ်ရသည်မှာ စိတ်ပညာ၌

mgyoe.com

mgyoe.com SAMPLE BOOK

ကျွမ်းကျင်သော သို့မဟုတ် စိတ်ညို့ပညာ၌ ကျွမ်းကျင်သောပုဂ္ဂိုလ်များက ထိုသူ၏စိတ်ကို ထိန်းချုပ်ထားပြီး မေ့စိတ်ကိုအားပေးဖော်ထုတ်ပေးထား၏။ ထိုအခါ ထိုသူ၏ ပင်ကိုစိတ်များသည် မေ့သွားပြီး ဆရာလုပ်သူ၏ စေခိုင်းသမျှကို ပြောဆိုနေလေသည်။

ဆေးရုံများ၌ မေ့ဆေးပေး၍ မေ့နေသူများ၊ မျက်လှည့်ပွဲ၌ မျက်လှည့်ဆရာက သူ၏တပည့်အား မေ့စေ၍ မျက်လှည့်ပြနေသည့်အခါများ၌ ထိုမေ့နေသူများသည် လုံးဝသတိမရချေ။ သို့ရာတွင် လူတစ်ယောက်၏ ပင်ကိုသွေးသားသည် မည်မျှအထိ မေ့စိတ်ကို ခံစားနိုင်သည်ဟူသောအချက်ကို ဆရာလုပ်သူက မူလကတည်းကပင် တင်ကြိုလေ့လာစစ်ဆေးထားရလေသည်။ ထိုသို့ တင်ကြိုလေ့လာမှုမရှိဘဲ သို့မဟုတ် စမ်းသပ်မှုမရှိဘဲ လူတစ်ဦးတစ်ယောက်အား မေ့စေသောအခါ၌ ခံစားနိုင်သော အချိန်ကာလထက် ကျော်လွန်သွားပါက ထိုပုဂ္ဂိုလ်၏ စိတ်ကိုထိန်းမရတော့ဘဲ အချိန်မရွေး မေ့စိတ်ပေါ်လာခြင်း၊ ထင်ရာမြင်ရာကို လျှောက်ပြောခြင်းများ ဖြစ်ပေါ်တတ်သည်။ ထိုသို့ဖြစ်ရခြင်းကို ပယောဂလောက၌ လမိုင်းကပ်သွားသည်ဟုခေါ်ဆိုကြသည်။ စည်းပေါက်သွားသည်ဟုလည်း ခေါ်ဆိုကြလေသည်။

ဓာတ်စီးသည်ဆိုသော မေ့စိတ်များဖြစ်ပြီးသောအခါ၌ဖြစ်စေ၊ မျက်လှည့်ပြပွဲမှ အိပ်မွေ့ချခြင်းကို ခံရပြီးသောအခါ၌ဖြစ်စေ၊ ဆေးရုံမှ မေ့ဆေးပေးခြင်းကို ခံစားရပြီးသောအခါ၌ဖြစ်စေ၊ ဝေဒနာရှင်သည် ခေါင်းမူးခြင်း၊ အိပ်လိုခြင်း စသောဝေဒနာကို အတူတူပင် ခံစားကြရကြောင်း တွေ့ရှိရပေလိမ့်မည်။ အကယ်၍ လမိုင်းစီးခြင်း သို့မဟုတ် စည်းပေါက်သွားခြင်းမျိုးဖြစ်ပေါ်လာပါက တခြားစိတ်ရောဂါကု ဆရာဝန်တစ်ဦးဦးနှင့် ပြောင်းလဲကုသသင့်ပေးသည်။ အဘယ့်ကြောင့်ဆိုသော် မူလဆရာသည် မိမိဖန်တီးထားသော စိတ်တန်ခိုးပါဝါများ အားနည်းသွားပြီဖြစ်သော ထိုဝေဒနာရှင်အား မိမိကိုယ်တိုင် ကုသ၍ ပျောက်နိုင်တော့မည်မဟုတ်ချေ။ သို့ဖြစ်ရာ တခြားဆရာတစ်ဦးဦးက ထိုသူ၏စိတ်ကို ပြန်လည်ထိန်းသိမ်းကုသပေးခြင်းဖြင့် လမိုင်းရောဂါ ပပျောက်နိုင်ပေသည်။ အကယ်၍ မိမိ ထပ်မံကုသနေခြင်း၊ သို့မဟုတ် လက်လွှတ်ရခြင်းမျိုးဖြစ်သွားပါက ထိုသူသည် ရူးသွပ်ခြင်းသို့သော်လည်း အပြီးတိုင်ရောက်သွားနိုင်သည်။ သို့မဟုတ် စီးချင်သောအခါ ဝင်စီးခြင်းမျိုး၊ ထင်ရာမြင်ရာ လျှောက်ပြောနေခြင်းမျိုးကိုသော်လည်း အချိန်ကြာမြင့်စွာ ခံစားရတတ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဓာတ်ဆိုသည်မှာ

ဤ၌ ဓာတ်ဆိုသောစကားကို လေ့လာသင့်ကြပေသည်။ ဓာတ်ဆိုသည်မှာ မူလစွမ်းအင်ဟူ၍ အဓိပ္ပာယ်ရ၏။ ထိုဓာတ်များသည် တစ်မျိုးမျိုးနှင့်တူညီကြသော ဓာတ်များရှိသလို အချို့ဓာတ်များသည် မတူညီကြချေ။ အချို့ဓာတ်များသည် တွန်းအား ရှိသလို အချို့ဓာတ်များသည် ဆုတ်အားကို ဖြစ်စေလေသည်။ ဓာတ်တစ်မျိုးနှင့်တစ်မျိုး တွေ့ထိ၍ ပေါက်ကွဲခြင်း၊ ဆူတက်ခြင်း၊ အရည်ပျော်သွားခြင်း၊ ကျုံ့သွားခြင်း၊ နည်းသွား ခြင်းစသည်တို့မှာ ဓာတ်တစ်မျိုးနှင့်တစ်မျိုး တွေ့ထိခြင်းကြောင့် ပြောင်းလဲသွားသော အခြင်းအရာများဖြစ်ကြကုန်၏။ သို့ဖြစ်ရာ အရာဝတ္ထုအမျိုးမျိုးတို့သည် ဖွဲ့စည်းပုံချင်း အလုံးအခဲသဏ္ဍာန်ဒြပ်အားဖြင့် တူညီကြစေကာမူ တစ်ခုနှင့်တစ်ခု ဓာတ်သဘာဝ အရည် အချင်းအားဖြင့် ခြားနားကြောင်း တွေ့ရှိရပေမည်။ မတူညီသော ဓာတ်သဘာဝများသည် မတူညီသောအရည်အချင်းများဖြင့် တစ်ခုနှင့်တစ်ခု သဟဇာတမဖြစ်ဘဲ တည်ဆောက်နေ ကြလေသည်။

## စိတ်ဓာတ်

စိတ်သည် ဓာတ်တစ်မျိုးပင်ဖြစ်၏။ စိတ်ဓာတ်သည် ပင်ကိုအားဖြင့် တစ်ဦးမှာ ရှိသော စိတ်ဓာတ်နှင့် အခြားတစ်ဦးမှာရှိသော စိတ်ဓာတ်များ မတူညီကြချေ၊ အချို့သည် အချိုအရသာကိုနှစ်သက်၍ အချို့မှာ အခါးအရသာကို နှစ်သက်ခြင်း၊ အချို့မှာ အဖြူ ရောင်ကိုနှစ်သက်၍ အချို့မှာ အညိုရောင်ကိုနှစ်သက်ခြင်း၊ အချို့မှာ ရှည်လျားသည်ကို နှစ်သက်၍ အချို့မှာ တိုသည်ကိုနှစ်သက်ခြင်း စသည်ဖြင့် အရသာများ၊ အရောင် အသွေးများ၊ ဒြပ်သဏ္ဍာန်များ၌ အကြိုက်ချင်းမတူညီကြသည်မှာ လူတစ်ဦး၏စိတ်ဓာတ်နှင့် အခြားတစ်ဦး၏စိတ်ဓာတ် မတူညီခြင်းကို ဖော်ညွှန်းခြင်းဖြစ်လေသည်။

## စုန်းစွဲ၊ နတ်စွဲ၊ ပယောဂစွဲ

အစွဲဟူသော မူလစကားမှာ ဥပါဒါနဟူသော ပါဠိစကားဖြစ်၏။ ယင်းကို စုန်းစွဲ၊ နတ်စွဲ၊ ပယောဂစွဲဟု ယူဆထားကြ၏။ အကြင်ပုဂ္ဂိုလ်တစ်ဦးသည် တစ်စုံတစ်ခုသော ရောဂါသို့ကျရောက်သော်လည်းကောင်း၊ တစ်စုံတစ်ခုသော ဥပဒ်အန္တရာယ်သို့ ကျရောက် သောအခါ၌သော်လည်းကောင်း အစွဲသည်ပေါ်တတ်၏။ မိမိကျရောက်သောအန္တရာယ်မှ


mgyoe.com

mgyoe.com SAMPLE BOOK

ကင်းလွတ်ရန် ကြိုးစားသောအခါ ဘေးမှပြောဆိုသော အယူအဆများ၊ မိမိကိုယ်တိုင် ကြားဖူးမှတ်ဖူးသော အစွဲအလမ်းများ၊ မိမိကိုယ်တိုင် ယုံကြည်ထားသော အစွဲအလမ်းများသည် ထိုပုဂ္ဂိုလ်၏စိတ်၌ အသက်ဝင်လျက်ရှိ၏။

သို့ဖြစ်ရာ အန္တရာယ်ကို ကာကွယ်ရန်အကျိုးငှာ ယင်းအစွဲအလမ်းများကို အကောင်အထည်ဖော်တတ်လေသည်။ မိမိစိတ်ဓာတ်ကိုယ်တိုင်က ထိုအစွဲအလမ်းနှင့်အတူ ကိန်းဝပ်နေရကား ရောဂါတစ်မျိုးမျိုးကို ခံစားနေရသူသည် ထိုအစွဲအလမ်းကို ပယ်ဖျောက်နိုင်သော ဆရာများနှင့် တွေ့ရသောအခါ၌ ထိုရောဂါ မပျောက်သည့်တိုင်အောင် အစွဲအလမ်းများ ပပျောက်သွားနိုင်လေသည်။

သို့မဟုတ်လျှင် ထိုရောဂါသည်ပင် တစ်ခါတစ်ရံ ပျောက်ကင်းသွားနိုင်လေသည်။ ယင်းသို့ဖြစ်ရသည့်သဘောမှာ လူ့စိတ်များသည် ရုပ်နှင့်များစွာ ဆက်စပ်နေပြီး ဥပါဒါန်၏ သားကောင်ဘဝ၌ ရှိနေရကား ဥပါဒါန်နှင့် ဆက်နွယ်သောရောဂါမှန်လျှင် ဥပါဒါန်အစွဲကို ဖြုတ်လိုက်ခြင်းဖြင့် ထိုသူ၏ရောဂါသည် ပျောက်ကင်းသွားတတ်လေသည်။

## ဥပါဒါန်အစွဲ

ဤဥပါဒါန် သို့မဟုတ် အစွဲဟူသောသဘောသည် အယူဝါဒ၌လည်းကောင်း၊ ရုပ်ဝတ္ထုများ၌လည်းကောင်း ကိန်းတတ်ကြောင်း ကျွန်ုပ်တို့နားလည်ကြရပေမည်။ ဥပမာအားဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သော ဘာသာရေးဆိုင်ရာ အယူအဆများသည် ယနေ့တိုင်အောင် ရှည်လျားစွာ ပျောက်ကွယ်မသွားဘဲ ရှိနေ၏။

ထိုသို့ ဘာသာရေးဆိုင်ရာ အယူဝါဒများ ကြာမြင့်စွာတည်နေခြင်းမှာ ထိုဘာသာရေးများ၏ အနှစ်သာရတို့ကို မိမိကိုယ်တိုင် ခံစားကြရသည်ဟု ယူဆသောကြောင့် ထိုအယူဝါဒများ၌ သားစဉ်မြေးဆက် စွဲလမ်းမှုရှိနေရကား ဥပါဒါန်၏သဘောတရားသည် ကျယ်ပြန့်စွာ ထိုးဖောက်နေရာယူသွားလေသည်။

စီးပွားရေးဆိုင်ရာ အယူအဆများ၊ ကြီးပွားရေးဆိုင်ရာ အယူအဆများ၊ လူမှုရေးဆိုင်ရာ အယူအဆများ၊ နိုင်ငံရေးဆိုင်ရာ အယူအဆများ၌လည်း ၎င်းအတိုင်းပင် လူသားတစ်ရပ်လုံးကိုသော်လည်းကောင်း၊ လူမျိုးတစ်ခုကိုသော်လည်းကောင်း ထိုးဖောက်၍ နေရာယူထားသူမှာ ဥပါဒါန်ပင် ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ဖြစ်ရာ စုန်းစွဲ၊ နတ်စွဲ၊ ပယောဂစွဲများသည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ယင်းအယူအဆသည် ကမ္ဘာတည်သရွေ့ သက်ဆိုးရှည်နေပေလိမ့်မည်။ အကယ်၍ ဤကမ္ဘာလူသားများ ဥပါဒါန်အစွဲ ပြုတ်သောနေ့ဖြစ်အံ့။ ထိုနေ့၌ စုန်းစွဲ၊ နတ်စွဲ၊ ပယောဂစွဲများ ကင်းပျောက်သွားပေလိမ့်မည်သာတည်း။

သတ္တဝါများသည် မိမိတို့နေရာဒေသကိုလိုက်၍ အစဉ်အလာ အစွဲအလမ်းများ ရှိ၏။ ဥပမာအားဖြင့် သုမင်္ဂလကိစ္စများကို ဆောင်ရွက်သောအခါ မည်သို့ဆောင်ရွက်ရမည်။ အမှားအယွင်းပါရှိပါက အန္တရာယ်တစ်မျိုးမျိုး ဖြစ်တတ်သည်။ ဒုမင်္ဂလကိစ္စများကို ဆောင်ရွက်သောအခါ မည်သို့ဆောင်ရွက်ရမည်။ အမှားအယွင်းရှိပါက အန္တရာယ်တစ်မျိုးမျိုး ဖြစ်တတ်သည်။

မည်သည့်နေ့ရက်များ၌ မည်သည့်ဘက်သို့ မသွားရ၊ မည်သည့်ကိစ္စကို မဆောင်ရွက်ရ၊ မည်သည့်အရောင်သည် မည်သည့်ပုဂ္ဂိုလ်နှင့်မတည့်၊ မည်သည့်ဂဏန်းများသည် လာဘ်လာဘဖြစ်၍၊ မည်သည့်ဂဏန်းများသည် ဥပဒ်ကို ဖြစ်စေတတ်သည် စသဖြင့် လူမျိုးအလိုက်လည်းကောင်း၊ ဒေသအလိုက်လည်းကောင်း ရှိတတ်လေသည်။

ယင်းသို့ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း။ အမှန်တကယ် ဖြစ်တတ်သလား၊ တစ်နေရာနှင့်တစ်နေရာ အယူအဆချင်း မတူပါဘဲလျက် ယင်းအယူအဆများကို အမှန်ဟု ယူဆရမည်လော စသည်ဖြင့် မေးခွန်းပေါင်းများစွာ မေးမြန်းလျက်ရှိ၏။ မယုံကြည်သူတို့ကမူ ယင်းအယူအဆများသည် လုံးဝ ယုတ္တိမရှိဟူ၍ ခါးခါးသီးသီး ငြင်းပယ်လျက်ရှိကြကုန်၏။

ဤ၌ ဒဿနိကဗေဒသမားများ၏ အယူအဆတစ်မျိုးရှိ၏။ ယင်းအယူအဆမှာ 'ဖြစ်လိမ့်မည်ဟု စွဲမြဲစွာယုံကြည်မှုသည် ယုံကြည်သည့်အတိုင်း အနေးနှင့်အမြန် ဖြစ်တတ်သည်'ဟူ၍ ဖြစ်လေသည်။ ထိုအယူအဆသည် စိတ်တန်ခိုးနှင့် များစွာဆက်နွှယ်မှုရှိပြီး အကယ်၍ ဒဿနိကဗေဒပညာရှင်များ၏ ယင်းအယူအဆသာ မှန်ကန်ပါက ဒေသစွဲ၊ လူမျိုးစွဲဖြစ်သော အထက်ပါအယူအဆသည် မမှန်ကန်ဟု ကျွန်ုပ်တို့ မယူဆနိုင်ချေ။

ဤ၌ ဂိုဏ်း သို့မဟုတ် အထက်လမ်းပုဂ္ဂိုလ်များဟူ၍ ရှိသေး၏။ ယင်းအထက်လမ်းပုဂ္ဂိုလ်များသည် ယေဘုယျအားဖြင့် အစပထမ၌ သမထကို အခြေခံတည်ဆောက်ထားကြောင်း တွေ့ရှိရ၏။ ပိဋကတ်မှလာသော အကြောင်းအရာများနှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် အောက်ပါတို့ကို စတင်လေ့လာကြည့်သင့်၏။


mgyoe.com

mgyoe.com SAMPLE BOOK

## စတုယာမ သံဝရသီလ (၄) မျိုး

ဂျိန်းဘာသာကို တည်ထောင်ခဲ့သူ နာဋ၏သား နိဂဏ္ဌသည် စတုယာမ သံဝရ သီလခေါ်သော သီလ ၄ မျိုးကို အဓိကထား၍ ပညတ်၏။ သူကိုယ်တိုင်လည်း ယင်းအတိုင်းကျင့်၏။

၁။ အလုံးစုံသောရေအေးကို ပယ်၏။

၂။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် အားထုတ်နေ၏။

၃။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ခွာထွက်နေ၏။

၄။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ပျံ့နှံ့နေ၏။

ထိုနာဋ၏ နိဂဏ္ဌသည် ရှေ့သို့သွားသည်ရှိသော်၊ နောက်သို့ဆုတ်သည်ရှိသော် အလုံးစုံသော သတ္တဝါငယ်များ သေကျေပျက်စီးကြ၏။ ထိုသို့ သေကျေပျက်စီးခြင်းသည် စေတနာမရှိသည်ဖြစ်၍ ကြီးမားသောအပြစ်ရှိသည်ဟု မပညတ်။

(မဇ္ဈိမပဏ္ဏာသ – ၄၅)

## တက္ကတွန်းအကျင့် ၇ မျိုး

အဝတ်မဝတ်သော ကဠာရမဋ္ဋကတက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ ရွာ၌ နေသူဖြစ်၏။ သူ၏အကျင့်တည်ဆောက်ပုံ (၇) မျိုးမှာ ဤသို့ဖြစ်၏။

၁။ အသက်ထက်ဆုံး အဝတ်မဝတ်သူဖြစ်အံ့၊ အဝတ်မဝတ်အံ့။

၂။ အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သူဖြစ်အံ့၊ မေထုန်အကျင့်ကို မကျင့်သူဖြစ်အံ့။

၃။ အသက်ထက်ဆုံး အသားတို့ဖြင့်သာ မျှတအံ့၊ ထမင်း၊ မုန့်ကိုမစားအံ့။

၄။ ဝေသာလီပြည်၏ အရှေ့အရပ် ဥဒေနစေတီ (နတ်ကွန်း) ကို လွန်၍မသွားအံ့။

၅။ ဝေသာလီပြည်၏ တောင်အရပ် ဂေါတမစေတီ (နတ်ကွန်း) ကိုလွန်၍မသွားအံ့။

၆။ ဝေသာလီပြည်၏ အနောက်အရပ် သတ္တမ္ဗစေတီ (နတ်ကွန်း) ကိုလွန်၍မသွားအံ့။

၇။ ဝေသာလီပြည်၏မြောက်အရပ် ဗဟုပုတ္တစေတီ (နတ်ကွန်း) ကိုလွန်၍မသွားအံ့။

(ပါထိကဝဂ်၊ ပါထိကသုတ်–၈)

mgyoe.com

mgyoe.com SAMPLE BOOK

## တပသီပုဂ္ဂိုလ်များကျင့်နည်း

ဤလောက၌ တပသီပုဂ္ဂိုလ်သည် အဝတ်မဝတ်မူ၍ ကျင့်၏။ လွတ်လပ်စွာ ကျင့်၏။ လက်ဖြင့် မစင်ကိုသုတ်၏။ အရှင်လာလောဆိုသော ဆွမ်းကိုမခံ၊ မိမိမရောက်မီ ယူဆောင်လာသော ဆွမ်းကိုမခံ၊ ရည်စူး၍လှူသောဆွမ်းကိုမခံ၊ ပင့်ဖိတ်ဆွမ်းမခံ၊ အိုးဝမှ ကော်၍လောင်းသောဆွမ်းကို မခံ၊ တုတ်ခြား၍လောင်းသောဆွမ်းကိုမခံ။

တံခါးဝခုံခြား၍ လှူသောဆွမ်းကိုမခံ၊ နှစ်ယောက်စားနေစဉ်မှ ဆွမ်းကိုမခံ၊ ကိုယ်ဝန်ဆောင်မိန်းမလောင်းသော ဆွမ်းကိုမခံ၊ ယောကျ်ားနှင့်နှီးနှောသောမိန်းမ လောင်းသောဆွမ်းကိုမခံ၊ ခွေးမျှော်နေရာမှဆွမ်းကိုမခံ၊ ယင်အုံနေရာမှ ဆွမ်းကိုမခံ။

ငါးမစား၊ အမဲမစား၊ သေမသောက်၊ အရက်မသောက်၊ ဖွဲ၌မြှုပ်ထားသော ဆေးကိုမစား၊ တစ်အိမ်သာဆွမ်းခံ၍ တစ်လုတ်သာစား၏၊ နှစ်အိမ်သာဆွမ်းခံ၍ နှစ်လုတ် သာစား၏၊ သုံးအိမ်သာဆွမ်းခံ၍ သုံးလုတ်သာစား၏၊ ခုနစ်အိမ်သာဆွမ်းခံ၍ ခုနစ်လုတ် သာစား၏။

ဆွမ်းလောင်းခွက်ငယ်တစ်ခုစာဖြင့်လည်း ရောင့်ရဲ၏၊ ဆွမ်းလောင်းခွက်ငယ် နှစ်ခုစာဖြင့်လည်းရောင့်ရဲ၏၊ တစ်ရက်ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာ စား၏၊ ခုနစ်ရက်ခြားလည်း အစာစား၏။ ဤသို့အားဖြင့် လခွဲတစ်ကြိမ်တိုင်အောင်လည်း ရက်ပိုင်းခြား၍ အစာစားခြင်းကို ကျင့်နေ၏။

သူသည် ဟင်းရွက်စိမ်းကိုသော်လည်း စားနေ၏။ ပြောင်းဆန်များ၊ သားရေဖတ် အစအနများ၊ မှော်များ၊ ဖွဲနုများ၊ ထမင်းရည်များ၊ နှမ်းမှုန့်များ၊ နွားချေးများ၊ တောသစ် မြစ်များ စသဖြင့် တစ်ခုခုကို စားသောက်နေတတ်၏။ ကြွေကျသော သစ်သီးများကို စားသုံး၍မူလည်း မျှတနေတတ်၏။

သူသည် ပိုက်ဆံလျှော်အဝတ်၊ သူသေကောင်မှရသောအဝတ်၊ ပံ့သကူအဝတ်၊ သစ်ခေါက်အဝတ်၊ သားရဲတိရစ္ဆာန်တို့၏ အရေအဝတ်၊ ပျဉ်ချပ်အဝတ် စသည်တို့ကို ဝတ်ရုံနေတတ်၏။

အချိန်ကြာမြင့်စွာ နှုတ်ဆိတ်နေတတ်၏၊ ရပ်လျက် အချိန်ကြာမြင့်စွာနေတတ်၏၊ ထိုင်လျက်၊ ဆောင့်ကြောင့်ထိုင်လျက် အချိန်ကြာမြင့်စွာ နေတတ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဆူးအခင်းပေါ်၌နေတတ်၏၊ ပျဉ်ပြား၊ မြေပြင် စသည်တို့၌ အချိန်ကြာမြင့်စွာ အိပ်နေတတ်၏။ မြူအညစ်အကြေးများကပ်နေတတ်၏။ မစင်ကိုလည်း စားတတ်၏။ ရေမသောက်မူ၍လည်းနေ၏။ ညနေတိုင်း ရေထဲသို့ သုံးကြိမ်ဆင်းသက်တတ်၏။ ယင်းအယူဝါဒသည် တပေါဇီက္ကစ္စာဝါဒမည်၏။

**(ပါတိအဝဂ်၊ ဥဒုမ္ဗရိကသုတ်။ ၃၂)**

ဗုဒ္ဓမပွင့်မီ ခေတ်ဟောင်းကာလ နှစ်ပေါင်းများစွာကပင် အိန္ဒိယနိုင်ငံ၌ ဟိန္ဒူအကျင့်များ၊ တပနှင့်ယောဂါစရအကျင့်များ ရှိနေနှင့်ပြီး ဖြစ်ပေသည်။ ငါးရာ့ငါးဆယ် နိပါတ်တော်များ၌ ရသေ့ရဟန်းများသည် တောတောင်အထပ်ထပ်၌ ရှိနေကြောင်း၊ အချို့ရသေ့ရဟန်းများသည် ဈာန်သမာပတ်ကို ရရှိကြကြောင်း စသည်ဖြင့် ဖော်ပြထားလေသည်။

ယင်းတို့ကိုထောက်ရှု၍ ယောဂါစရအကျင့်များသည် အိန္ဒိယ၌ နှစ်ပေါင်းများစွာကပင် တည်ရှိလာကြောင်း ထင်ရှားလေသည်။ ယင်းအကျင့်များကို ဗုဒ္ဓကိုယ်တိုင် အစပထမ၌ လေ့လာခဲ့ကြောင်းကိုလည်း ပိဋကတ်၌ ဗုဒ္ဓဝန်ခံချက်ပါရှိနေသည်။ သို့ဖြစ်ရာ ဗုဒ္ဓအဖြစ်ခံယူပြီးနောက် သာသနာအတွင်း ဤအယူအဆများကို လုံးဝလက်မခံရဟု ဗုဒ္ဓပညတ်ထားသည့်တိုင်အောင် အချို့ရဟန်းများသည် ဗုဒ္ဓဘာသာအတွင်းသို့ မသိမသာ သွင်းလာခဲ့သည်ဟု နောက်ပိုင်းဘာသာရေးကို လေ့လာသူအချို့က ယူဆကြလေသည်။

ယင်းအယူအဆသည် မည်မျှမှန်ကန်မှု ရှိ မရှိဟူသောအချက်ကို ကျွန်ုပ်တို့ မစောကြောလိုသော်လည်း ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံများ၌ ဗုဒ္ဓဘာသာနှင့် ဆင်တူယိုးမှားဖြစ်သော အယူအဆများ ပါဝင်နေကြောင်းကိုမူ သတိပြုမိကြပေလိမ့်မည်။

## ယောဂီအကျင့် တစ်စိတ်တစ်ဒေသ

ပိဋကတ်မှလာသော ယောဂီအကျင့်များမှ တစ်စိတ်တစ်ဒေသကို လေ့လာကြည့်ပါက သူတို့၏အလုပ်များသည် အဓိဋ္ဌာန်အလုပ်ဖြစ်ကြောင်း ရိပ်စားမိကြပေလိမ့်မည်။ ယင်းအဓိဋ္ဌာန်အလုပ်များ၌ ရေအေးကိုသာသောက်နေခြင်း၊ မြက်ကိုသာစားနေခြင်း၊ ရက်ပေါင်းများစွာ အစာမစားဘဲနေခြင်း စသဖြင့် မိမိတို့စိတ်ကူးရရာ အဓိဋ္ဌာန်ကို တည်ဆောက်နေကြလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ယင်းသို့ နေသဖြင့် စိတ်တန်ခိုးသည် အနည်းနှင့်အများ အားကောင်းလာမည်မှာကား သေချာပေသည်။ သို့ရာတွင် ယုံကြည်ချက်ဖြင့် ဆောင်ရွက်တိုင်း အောင်မြင်ကြမည်ကား မဟုတ်ချေ။ အချို့သည် အထွတ်အထိပ်သို့ ရောက်ကြမည်ဖြစ်သော်လည်း အချို့သည်မှုကား အသေဆိုးနှင့်သေရခြင်း၊ အခြေဆိုးသို့ဆိုက်ရောက်ခြင်း၊ အရူးဟု သမုတ်ခံရခြင်း စသဖြင့် ဇာတ်သိမ်းသွားကြရပေလိမ့်မည်။

ဗုဒ္ဓနှင့်စင်ပြိုင် ဘုရားအမည်ခံသူများလည်း အများအားဖြင့် ယင်းအဓိဋ္ဌာန်လုပ်ငန်းကို အလေးပေးထားကြလေသည်။ သတ္တဝါဟူသည် အခြွေအရံ အသင်းအပင်းများကို အလိုရှိကြသူများဖြစ်ရာ စင်ပြိုင်ဘုရားများသည် မူလရည်ရွယ်ချက် မည်မျှအထိ စိတ်ဆန္ဒပြင်းပြခဲ့စေကာမူ စိတ်တန်ခိုးအားကောင်းလာသည့်အခါ များစွာသောလူသားတို့၏ အားပေးချီးမြှောက်မှုကို ရရှိရာ ယောဂီလုပ်ငန်းလုပ်သူများသည် စိတ်တန်ခိုးရရှိမှု၌ အဆုံးသတ်သွားကြလေသည်။

> "အဝတ်မဝတ်သော ကဋ္ဌာရမဋ္ဌက တက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ရွာ၌ လာဘ်များခြင်း၊ အခြံအရံများခြင်း၊ အထွတ်အထိပ်သို့ ရောက်နေ၏"
>
> **(ပါထိကဝဂ် – ၈)**

တခြားဂိုဏ်းဆရာများလည်း ယင်းသို့ပင် မင်းအချို့နှင့် ရွာသူကြီးများ၊ ပညာတတ်များ၏ ချီးကျူးခြင်းကိုခံယူကြရ၏။ ကိုးကွယ်ခြင်းကို ခံယူကြရ၏။ ဗုဒ္ဓ၏ တပည့်သားရှင်သာဂတမထေရ်ပင် လောကီဈာန်ရရှိသည်ဖြစ်၍ ဒကာ၊ ဒကာမတို့က မြှောက်စားသောကြောင့် ရဟန်းဝတ်ဖြင့် အရက်များမူးယစ်ကြောင်း ပိဋကတ်၌ ဖော်ပြထား၏။ (အကျိုးပေးခြင်းနှင့် အကျင့်ကို နောက်ပိုင်း၌ သီးခြားတင်ပြထားပါသည်။)

## လူပြိန်းကြိုက် အဓိဋ္ဌာန်လုပ်ငန်း

အဓိဋ္ဌာန်လုပ်ငန်းသည် စိတ်ကိုထိန်းချုပ်ရာ၌ အနည်းနှင့်အများ အထောက်အကူပြုမည်မှာ စဉ်းစားစရာမလိုချေ။ အဓိဋ္ဌာန်လုပ်ငန်း၏ ပင်မရည်ရွယ်ချက်များမှာလည်း အထွတ်အထိပ်သို့ရောက်ရန်ဟု ရည်ရွယ်ကြပေလိမ့်မည်။ သို့ရာတွင် စိတ်ကို အနိုက်အတန့်

mgyoe.com

mgyoe.com SAMPLE BOOK

ထိန်းချုပ်မှုရရှိမှုဖြင့် ထိုဆရာများ၏ အဓိဋ္ဌာန်လုပ်ငန်းသည် ရပ်တန့်သွားခဲ့သည်ဖြစ်ရာ စိတ်ပိုင်းထိန်းချုပ်မှုရရှိရုံမျှသာ အောင်မြင်ခဲ့ကြလေသည်။

လူသားများသည် မိမိမစွမ်းနိုင်ဟုယူဆသော သာမညကိစ္စကို တခြားတစ်ဦးဦးက ထမ်းဆောင်ပြနိုင်လျှင်ပင် အထင်ကြီးတတ်သောသဘောရှိရကား တက္ကတွန်းများ၏ ဆန်းကြယ်သော အဓိဋ္ဌာန်လုပ်ငန်းကို အထင်ကြီးကြသည်မှာ အံ့သြဖွယ်ရာမရှိချေ။ လူပြိန်းကြိုက်အဓိဋ္ဌာန်လုပ်ငန်းသည် အများ၏ချီးကျူးခြင်းကို ခံရမည်မှာလည်း သေချာလှပေသည်။

ထို့ကြောင့်လည်း ဗုဒ္ဓနှင့် တန်ခိုးပြိုင်လိုကြောင်း၊ စင်ပြိုင်ဘုရားတိုင်းလိုလိုက ကြွားလုံးထုတ် ကြေညာခဲ့ကြခြင်းဖြစ်လေသည်။ အံ့သြဖွယ်ရာကို ပြစွမ်းနိုင်သော စိတ်တန်ခိုး၏စွမ်းရည်များ မည်မျှနက်နဲသည်၊ မည်မျှခက်ခဲသည်ကို နားမလည်သော သာမန်လူပြိန်းများအဖို့ ယင်းစိတ်အဓိဋ္ဌာန်ပညာရပ်ကို အထင်ကြီးရုံမှတစ်ပါး တခြားစဉ်းစားရန်မရှိချေ။

မိုက်ရူးရဲဆန်သော အဓိဋ္ဌာန်လုပ်ငန်း၏ စိတ်တန်ခိုးစွမ်းအင်များကို ဗုဒ္ဓ၏ တပည့်ရဟန်းများသည် ဗုဒ္ဓဘာသာအတွင်းသို့ သိမ်မွေ့စွာ သွတ်သွင်းကြမည်မှာ ယုံမှားဖွယ်ရာ မရှိချေ။

အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓခေတ် ရဟန်းသံဃာတော် အချို့သည်လည်းကောင်း၊ ဥပါသကာအများစုသည်လည်းကောင်း တက္ကတွန်းဂိုဏ်းများမှ ကူးပြောင်း လာကြသူများ ဖြစ်ကြရာ တက္ကတွန်းများ၏ အဓိဋ္ဌာန်လုပ်ငန်း အငွေ့အသက်များသည် ထိုရဟန်းများနှင့် ဥပါသကာများမှတစ်ဆင့် ကူးစက်လာမည်မှာ သေချာနေပေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသို့ ထေရဝါဒဗုဒ္ဓဘာသာ မည်သည့်ကာလမှစတင်ဝင်ရောက် လာခဲ့ကြောင်း မည်သူမျှ အတိအကျ မပြောနိုင်သော်လည်း ထေရဝါဒဗုဒ္ဓဘာသာ မရောက်မီက အရည်းကြီးများရှိခဲ့ကြောင်းကိုမူ သမိုင်းအထောက်အထားများအရ သိရှိကြရ၏။

သမိုင်းကြောင်းဆရာများက ယခုလက်ရှိ ထေရဝါဒ ဗုဒ္ဓဝါဒမရောက်မီ ဟိနယာန ဗုဒ္ဓဝါဒရောက်ရှိခဲ့သည်ဟု ယူဆထားကြသည်။ ယင်းအယူအဆများသည် အကယ်၍ မှန်ကန်သည်ဆိုပါက အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မဟာယာနနှင့်အရည်းကြီး

(၁) မဟာယာန ဗုဒ္ဓဘာသာနှင့် အရည်းကြီး ဆက်စပ်မှု ရှိ မရှိ။

(၂) ဘာသာရေးယောင်ယောင်၊ ဗုဒ္ဓဘာသာယောင်ယောင် အယူဝါဒတစ်မျိုးသည် အိန္ဒိယမှမြန်မာနိုင်ငံသို့ ကူးစက်မှု ရှိ မရှိ။

ယင်းအထက်ပါအယူအဆများနှင့်ပတ်သက်၍ အကယ်၍ ဗုဒ္ဓဝါဒယောင်ယောင်၊ ဝါဒတစ်မျိုးသော်လည်းကောင်း သို့မဟုတ် စိတ်ပညာ၊ စိတ်တန်ခိုးနှင့်ဆက်နွယ်သော အယူဝါဒတစ်မျိုးသော်လည်းကောင်း မြန်မာနိုင်ငံသို့ ရောက်ခဲ့ပြီးအံ့ . . .

ထိုအချိန် အသိပညာအားနည်းသော မြန်မာများကို နည်းအမျိုးမျိုးဖြင့် လှည့်စားကြမည်မှာ သေချာလှပေသည်။ မြန်မာနိုင်ငံ၌ ယခုအခါ အထက်ပုဂ္ဂိုလ်များဟု သတ်မှတ်ထားကြသော ရှင်မထီး၊ အဇ္ဇဂေါဏ စသော ပုဂ္ဂိုလ်များ၏ ရာဇဝင် အထောက်အထား အပြည့်အစုံကို မသိရသော်လည်း ယင်းပုဂ္ဂိုလ်များသည် ပုဂံခေတ်နှင့်အပြိုင်ဖြစ်ကြောင်းကိုကား သမိုင်းစဉ်များက ဖော်ပြထားလေသည်။ အရည်းကြီးများ၊ နတ်ကွန်းများကို ပုဂံမင်း အနော်ရထာ (၁၀၄၄–၁၀၇၇) က ဖျက်သိမ်းရာ၌ အရည်းကြီးများကို ဘုရားတည်ရာ၌ အသုံးပြုခဲ့လေသည်။ အချို့ကို ဘုန်းကြီးကျောင်းများသို့ (ကပ္ပိယ၊ ဘုရားကျွန်၊ ကျောင်းကျွန်) အဖြစ် ပို့လှူခဲ့လေသည်။ သို့ဖြစ်ရာ အရည်းကြီးများသည် မိမိတို့၏ လုပ်ငန်းများကို ဘုရားနှင့်ပူးပေါင်းပြီး ထေရဝါဒသံဃာအတွင်း ထည့်သွင်းကာ တစ်ဖြစ်လဲဂိုဏ်းအဖြစ် တည်ထောင်သလားဟု ယူဆနိုင်လေသည်။

## မြန်မာနိုင်ငံနှင့် ဂိုဏ်းလုပ်ငန်း

ယခုအခါ မြန်မာနိုင်ငံ၌ ဂိုဏ်းပေါင်း ၉၉ ဂိုဏ်းရှိသည်ဟူ၍လည်းကောင်း၊ ၁၀၈ ဂိုဏ်းရှိသည်ဟူ၍လည်းကောင်း အမျိုးမျိုးပြောဆိုနေကြသော်လည်း မည်မျှ အရေအတွက်ရှိသည်ကိုမူ မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျ မပြောနိုင်ချေ။ ထိုထိုဂိုဏ်းများ၏ အဓိကဦးတည်ချက်မှာ သာသနာပြုလုပ်ငန်းဟူ၍ နဖူးစည်းတပ်ထား၏။ ဘုရားတည်သူရှိသလို၊ ဘုန်းကြီးများကို ပတ်ခတ်သောဂိုဏ်းလည်းရှိ၏။

ဂိုဏ်းများသည် ဆေးဂိုဏ်း၊ အင်းဂိုဏ်း၊ မန္တရားဂိုဏ်းဟူ၍ သုံးမျိုးကွဲပြား၏။ အားလုံးသောဂိုဏ်းများသည် အထက်ပုဂ္ဂိုလ်ဟုသတ်မှတ်ထားသော ဘိုးမင်းခေါင်၊ ရဏ္ဍန်း


mgyoe.com

mgyoe.com
SAMPLE BOOK

စင်တောင်၊ ဘားမဲ့၊ ရှင်အဇ္ဇဂေါဏ၊ ရှင်မထီး စသော ပုဂ္ဂိုလ်များ၏အမည်တို့ကို အထွတ်အထိပ်ထားကြကုန်၏။

စုန်း၊ နတ်၊ ပယောဂဝေဒနာများဟု သတ်မှတ်ထားသော ဝေဒနာရှင်များကို ကုသသောအခါ ယင်းအထက်ပါပုဂ္ဂိုလ်များ၏ အမည်များကို အာရုံပြုတမ်းတ၍ ရောဂါရှင်အား စွဲကပ်နေသော ဝေဒနာသည် မည်သူက ပြုလုပ်ထားကြောင်းပြသရန် အမိန့်ပေး၏။

ဝေဒနာရှင်သည် စုန်း၊ နတ်၊ ပယောဂ တစ်စုံတစ်ခု စွဲကပ်နေသည်ဆိုပါက ဝင်ပူးကပ်၍ အစစ်အဆေး အမေးအမြန်းခံယူ၏။ ဆရာလုပ်သူပေးသမျှအပြစ်များကို ခံယူ၏။ နောင် ဤသို့မပြုလုပ်တော့ပါဟု ဝန်ခံ၍ ထွက်သွား၏။ ဆရာသည် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်နှင့်စပ်သော မန္တရားဖြင့်ဖြစ်စေ၊ ဆေးစီရင်၍ဖြစ်စေ၊ အင်းစီရင်၍ဖြစ်စေ ဝေဒနာရှင်အား အကာအကွယ်ပေးခြင်းဖြင့် ကုသပေးလေသည်။

ဤ၌ ဂိုဏ်းနှင့်ပတ်သက်၍ ပထမစဉ်းစားရန်တစ်ချက်မှာ ဂိုဏ်းကို မည်သူက စတင်တည်ထောင်ခဲ့သနည်းဆိုသောအချက်များဖြစ်၏။ အထက်ဆရာဟု သတ်မှတ်ထားကြသော ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် စသောပုဂ္ဂိုလ်များသည် ဂိုဏ်းကိုတည်ထောင်သူများ မဟုတ်ကြချေ။

ယေဘုယျလေ့လာကြည့်ပါက ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ရက္ကန်းစင်တောင် စသော လူပုဂ္ဂိုလ်များ၊ ရဟန်းပုဂ္ဂိုလ်များသည် စိတ်ကောင်းရှိပြီး သမထတရားများကို ယုံယုံကြည်ကြည် အားထုတ်သွားကြသော ပုဂ္ဂိုလ်များသာဖြစ်ကြကုန်၏။ ထိုပုဂ္ဂိုလ်များသည် သမထအာရုံ အခြေခံကြောင့် စိတ်ဝေဒနာပျောက်ကင်းမှုများ၊ အကြားအမြင်များကို ထူးချွန်စွာ အောင်မြင်ခဲ့သူများ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ထိုပုဂ္ဂိုလ်များသည် အထက်တစ်နေရာ၌ ဖော်ပြထားခဲ့သော အဓိဋ္ဌာန်လုပ်ငန်း အောင်မြင်ကောင်း အောင်မြင်ပေလိမ့်မည်၊ သို့ရာတွင် ထိုပုဂ္ဂိုလ်များသည် ဂိုဏ်းထောင်ခြင်း၊ အစွဲချွတ်ခြင်း စသည့်အလုပ်များကို သာသနာပြုဟူသောအမည်များတပ်၍ တခမ်းတနား ကုသပေးကြသူများကား မဟုတ်ကြချေ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဂိုဏ်းဆရာများ

ယေဘုယျအားဖြင့် ပထမတည်ထောင်သော ဂိုဏ်းဆရာများမှာ လူပုဂ္ဂိုလ်များဖြစ်ကြ၏။ ထိုသူများသည် ဘုန်းကြီးဘဝမှ လူဝတ်လဲသူများ ဖြစ်ကြလေသည်။ ဘုန်းကြီးဘဝမှ လူဝတ်လဲသွားသော ထိုသူများသည် ကျန်းဂန်များကို နှံ့စပ်အောင် သင်ကြားဖူးသူများလည်း မဟုတ်ကြချေ။ ဂိုဏ်းဝင်ပုဂ္ဂိုလ်တစ်ဦးသည် ဂိုဏ်းနှင့်ပတ်သက်သော ရှောင်ကြဉ်ရမည့် ဝတ္တရားများကို ရှောင်ကြဉ်ကြရ၏။ အဓိကမှာ ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရယကံများ ဖြစ်ကြ၏။

အစားအစာများမှာ အမဲသားကို အဓိကရှောင်ကြဉ်ကြရ၏။ အဓိဋ္ဌာန်ဖြင့် ဂုဏ်တော်များကို ထောင်လိုက်၊ သောင်းလိုက် စိပ်ကြရ၏။ သက်သတ်လွတ်၊ မီးလွတ်စားကြရ၏။ အချို့ ရေကိုချည်း တစ်ပတ်စသည်ဖြင့် သောက်နေကြရ၏။

နဝင်္ဂဥပုသ်များကို အဓိဋ္ဌာန်ဖြင့် ဆောက်တည်ကြရ၏။ မေတ္တာပို့၊ အမျှဝေစသဖြင့် ကျင့်ကြရ၏။ အကယ်၍ ဂိုဏ်းဆေးများ တက်ရောက်ထားသောသူတစ်ယောက်သည် ဂိုဏ်းဆိုင်ရာစည်းမျဉ်းများကို မလိုက်နာနိုင်သည်ဖြစ်အံ့၊ မည်သည့်ရောဂါကိုမျှ မပျောက်ကင်းနိုင်ချေ။ သို့ဖြစ်ရာ ဤ၌ ကျွန်ုပ်တို့လေ့လာရန် အချက်အလက်များ ရှိလာပြန်လေသည်။

## ဂိုဏ်းစည်းကမ်းလေ့လာချက်

ဂိုဏ်းဆိုင်ရာစည်းကမ်းများကို လေ့လာကြည့်ပါက ဗုဒ္ဓဘာသာ အယူအဆများနှင့် တက္ကတွန်းတို့၏ အယူအဆများ ရောနှောနေကြောင်း တွေ့ရပေမည်။ ဗုဒ္ဓတရားတော်များကို တက္ကတွန်းများ၏ အလေ့အကျင့်များဖြင့် ပေါင်းစပ်ထားကြောင်း တွေ့ရပေသည်။

ဂိုဏ်းဝင်ပုဂ္ဂိုလ်များ အားထုတ်သောတရားမှာ ဗုဒ္ဓ၏ဂုဏ်တော်၊ တရား၏ဂုဏ်တော်၊ သံဃာ၏ဂုဏ်တော်များ ဖြစ်သည်မှန်၏။ သို့ရာတွင် သက်သတ်လွတ်စားခြင်း၊ အမဲသားကိုရှောင်ကြဉ်ခြင်း၊ မီးလွတ်စားခြင်း၊ ရေသောက်နေခြင်း၊ ဂူအောင်းနေခြင်းများမှာ ဟိန္ဒူများ၊ တိတ္ထိများ၏ လုပ်ရိုးလုပ်စဉ် ကျင့်စဉ်များဖြစ်နေသည်ကို သတိပြုကြရပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂိုဏ်းစည်းကမ်းများ၊ ကျင့်စဉ်များကို ယုံယုံကြည်ကြည် အားမထုတ်ပါက မည်သည့်ရောဂါကိုမျှ မပျောက်နိုင်ကြောင်း ဂိုဏ်းဆိုင်ရာဆရာများက ယနေ့ဝန်ခံကြကုန်၏။ ထိုသို့ဆိုလျှင် ဂိုဏ်းဆေးက စွမ်းသလား၊ အကျင့်က စွမ်းသလားဟူ၍ စဉ်းစားရပေမည်။ သို့ဖြစ်ရာ ဂိုဏ်းဆေး၊ ဂိုဏ်းအင်း၊ ဂိုဏ်းမန္တန်များသည် ဂိုဏ်းစကားအရ 'ကိုယ်လုံ' သို့မဟုတ် 'စိတ်လုံ' မျှသာဖြစ်၍ အကျင့်သမထများက အဓိက စွမ်းဆောင်ခြင်းဖြစ်ပေလိမ့်မည်။

သို့ဖြစ်လျှင် ယင်းကျင့်စဉ်များသည် စိတ်တန်ခိုးထက်မြက်သော သမာဓိ လုပ်ငန်းသာဖြစ်ရာ ဗုဒ္ဓဘာသာဝင်များ အဓိကထားရသော ရတနာသုံးပါးကို ပေါင်းစပ်ပေးထားခြင်းဖြင့် ဂိုဏ်းလုပ်ငန်းသည် ဗုဒ္ဓဘာသာအတွင်း ကျယ်ပြန့်စွာ နေရာယူထားကြလေသည်။ ယင်းဂိုဏ်းတို့သည် စည်းကမ်းတကျ ဖွဲ့စည်းထားခြင်းမျိုးနည်းပါးပြီး တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ပုတ်ခတ်ခြင်းမျိုးဖြင့် စခန်းသွားကြသည်။

တစ်ခါတစ်ရံ တစ်ကိုယ်တော် သိဒ္ဓိပေါက်နေသော ဘိုးတော်ဆိုသူများလည်း ခြေရှုပ်နေတတ်၏။ ယင်းတစ်ကိုယ်တော် ဘိုးတော်များသည် ဘာသာရေးယောင်ယောင်၊ နတ်ယောင်ယောင်၊ တစ်မဟုတ်ချင်း သူဌေးဖြစ်စေနိုင်သယောင်ယောင် လှည့်စားခြင်းဖြင့် မသိနားမလည်သူများကို ဒုက္ခအိုးထဲသို့ ပို့ပေးလျက်ရှိ၏။

## ဂိုဏ်းအချင်းချင်းနားလည်မှုမရှိ

ယင်းသို့ဖြစ်ရသည်မှာ ဂိုဏ်းအဖွဲ့အစည်းများသည် –

၁။ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း နားလည်မှုမရှိခြင်း

၂။ စည်းကမ်းတကျ ဖွဲ့စည်းထားခြင်းမျိုး မဟုတ်ခြင်း

စသည်တို့ကြောင့် ဖြစ်ပေလိမ့်မည်။ ထို့အပြင် လူများစွာတို့သည်လည်း မိရိုးဖလာက စွဲကပ်နေသော နတ်၊ စုန်း၊ ပယောဂစသည့် အယူအဆများ၌ အစွဲဥပါဒါန်များပြားနေခြင်းမှာလည်း ဘိုးတော်သိဒ္ဓိရှင်များထံ အလိမ်ခံရရန် အခြေခံအကြောင်းတစ်ကြောင်းဖြစ်နေပေလိမ့်မည်။

မြန်မာနိုင်ငံ၌ စာပေကျမ်းဂန်များကို တတ်ကျွမ်းသော ဆရာတော်ကြီးများ၊ စာပေကျွမ်းကျင်သော ရဟန်းသံဃာများသည် ဂိုဏ်းလုပ်ငန်းကို မယုံကြည်ကြချေ။


mgyoe.com

mgyoe.com SAMPLE BOOK

အင်းအိုင်၊ မန္တန်၊ လက်ဖွဲ့စသည်များသည် မူလသက်ဆင်းရာနေရာ အတိအကျ မရှိသောလုပ်ငန်းဖြစ်၏။ အင်းတစ်ကွက်ကိုသော်လည်းကောင်း၊ မန္တန်တစ်ပုဒ်ကို သော်လည်းကောင်း၊ လက်ဖွဲ့တစ်ခုကိုသော်လည်းကောင်း မည်သူက စတင်တီထွင် ထားသည်၊ မည်သည့်အရာများကိုထည့်သွင်းထားသည်ဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျ မပြောနိုင်ချေ။

သို့ရာတွင် ယင်း အင်း၊ မန္တန်၊ လက်ဖွဲ့များသည် နှစ်ပေါင်းကြာမြင့်စွာမှ စတင် လာခဲ့သည်ဟူ၍မူကား ယူဆနိုင်၏။ နိပါတ်တော်များ၌ ဆင်ကိုလာနိုင်သော ဂါထာ၊ ဆင်ကို မလာစေနိုင်သောဂါထာများဖြင့် တောရ ရသေ့များ ပြုလုပ်လေ့ရှိကြောင်းလာ၏။

## ဂါထာဆိုသည်မှာ

ဂါထာဆိုသည်မှာ 'ပီသသောစကား' ဟူ၍ အဓိပ္ပာယ်ရ၏။

ဂါထာသည် ကဗျာလင်္ကာဖြင့် ဖွဲ့ဆိုသောဂါထာ။

အင်းအိုင်မန္တန်အလို့ငှာ စီကုံးဖွဲ့ဆိုထားသော ဂါထာဟူ၍ နှစ်မျိုးရှိ၏။ ကဗျာ လင်္ကာဖွဲ့ဆိုထားသော ဂါထာများမှာ စာတစ်ပိုဒ် သို့မဟုတ် အဓိပ္ပာယ်ပြည့်စုံသော စကား တစ်ခုကို အကျဉ်းချုပ် သီဆို၍ နားဝင်ပီယံဖြစ်အောင် ညီညွတ်သောလုံးဖွဲ့များဖြင့် ဖွဲ့ဆို ထားခြင်းမျိုးဖြစ်၏။ ဥပမာ–မြန်မာပုံစံအားဖြင့် ဆိုရလျှင် –

လောင်းတော်ညွန့်ဖူး၊ ကွန့်မြူးဉာဏ်ရင်
တုသိမြနန်း၊ ကြွလှမ်းစံစဉ်

စသည် ဖွဲ့ဆိုရာ၌ အဓိပ္ပာယ်လည်းရှိ၊ နားလည်လွယ်မှုနှင့်ပြည့်စုံ၊ ရွတ်ဆိုသူ နာခံသူ များလည်းနှစ်သက်၊ ဤသို့ပြည့်စုံသော အစီအကုံး အနှုန်းအဖွဲ့များမှာ ဂါထာမည်၏။ ဗုဒ္ဓကိုယ်တိုင် ဂါထာဖြင့် ဟောကြားသော တရားဓမ္မများရှိကြောင်း ဓမ္မပဒ၊ သဂါထာဝဂ္ဂ စသည့် သုတ္တန်များ၌ တွေ့ရှိရ၏။

ကာဗျပကာသ၊ သာဟိတျဒဗ္ဗကာ၊ သရသွတိကဏ္ဍာဘရဏ စသော သက္ကဋ ကျမ်းကြီးများ၌လည်း ဂါထာများစွာတို့ဖြင့် ဖွဲ့ဆိုထားလေသည်။ ကဗျာလင်္ကာအဖြစ် ဖွဲ့ဆိုထားသော ဂါထာတစ်ပုဒ်၌ ဆန်း သို့မဟုတ် စည်းကမ်းသည် အလွန်အရေးကြီး၏။ ဆန်း သို့မဟုတ် စည်းကမ်းမကျသောဂါထာ၊ ကဗျာသည် ပညာမရှိသောသူများက ဖွဲ့ဆိုထားသောဂါထာ၊ ကဗျာမည်၏ဟု ဂါထာဝိဒူများက သတ်မှတ်ထားလေသည်။ ဆန်း

mgyoe.com

mgyoe.com SAMPLE BOOK

သို့မဟုတ် စည်းကမ်းကျမ်းများကို ပိင်္ဂလ၊ ရာဇဒေဝ၊ သုရာမ၊ ကာလီဒါသ စသော ဆရာများက စတင်ပြုစုခဲ့ကြလေသည်။

## အင်းနှင့်ဂါထာ

အင်း၊ အိုင်၊ လက်ဖွဲ့အလို့ငှာ စီကုံးထားသော ဂါထာများမှာ ပို၍လေးနက်လေသည်။ ဆိုလိုရင်းကို သိနိုင်ရန်မှာ ပို၍ခဲယဉ်းလေသည်။ အချို့အင်းကွက်များ၌ ဂဏန်းဖြင့်ဖော်ပြ၍ အချို့အင်းကွက်များမှာ အက္ခရာဖြင့် ဖော်ပြထားလေသည်။

အထူးသဖြင့် ဂါထာသည် အင်းလော၊ အင်းကွက်၌ဖော်ပြထားသော အမှတ်သားသည် ဂါထာလောဆိုသည်ကိုပင် ခွဲခြားသိရန် မလွယ်ကူချေ။ အင်းဆံသွင်းရာ၌ ခရားစောက်ချနည်း၊ မြင်းသွားချနည်း၊ ရထားပြေးချနည်း စသဖြင့် ရှိသေး၏။ စည်းကမ်းများမှာ ယေဘုယျအားဖြင့် အင်းပေါက်၊ အင်းကျိုး၊ အင်းကန်း၊ အင်းလိန်၊ အင်းစောင်း စသည်များကို ရှောင်ရှားကြရ၏။

စည်းကမ်းမကျသောအင်းကွက်များသည် တန်ခိုးအာနိသင်မရှိဟူ၍လည်းကောင်း၊ အင်းချသူကို ထိခိုက်တတ်သည်ဟူ၍လည်းကောင်း ယူဆထားကြလေသည်။ ဤဂါထာ မန္တရားများနှင့် အင်းကွက်များကို စတင်တီထွင်ကြသူများမှာ ခေတ်ဦးအိန္ဒိယယောဂီ၊ ဇော်ဂျီများပင်ဖြစ်ကြလေသည်။

## မြန်မာအင်းချနည်း

မြန်မာနိုင်ငံ၌မူ ဂုဏ်တော်များကို လုံးကောက်သင်္ကေတဟူ၍လည်းကောင်း၊ တခြားအက္ခရာ ဂဏန်းအမှတ်အသားများဖြင့်လည်းကောင်း အင်းများကို စီရင်ကြကုန်၏။ အင်းနှင့်ဂါထာကို အသုံးပြုသူများသည် ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ လာဘသိဒ္ဓိ စသည် တစ်မျိုးမျိုးကို ပြီးစီးအောင်မြင်လိမ့်မည်ဟု ယုံကြည်ကြလေသည်။

ထို့အပြင် အကာအကွယ်များအတွက်လည်း ဤအင်းနှင့်ဂါထာများကို ဆောင်ကြလေသည်။ အင်းကိုစီရင်ရာ၌ ပေရွက်၊ ငွေပြား၊ ရွှေပြား၊ သိမ်ဝင်သပိတ်ကွဲ၊ ရေလုံအိုးကွဲ စသည်တို့ကို အသုံးပြုကြပြီး ငှက်ပျောပွဲ၊ အုန်းပွဲများဖြင့် စီရင်ရသည်လည်းရှိသလို လမ်းဆုံလမ်းခွများ၊ သုသာန်များ စသည်တို့၌ စီရင်ရသည်လည်းရှိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အင်းကွက်တစ်ခုကို စီရင်ရာ၌ လူတစ်ဦးတစ်ယောက်ကို ရည်စူးလျက် စီရင်သည်ဆိုအံ့။ ယင်းလူ၏ နံ (နေ) ကို အင်းကွက်၏အလယ်ဗဟို၌ ထည့်၍ စီရင်လေ့ရှိလေသည်။ ဂါထာကိုမန်းမှုတ်ရာ၌ ဥုံ•--ခံ၍လည်းကောင်း၊ အဆုံး၌ သွာဟ••-- ဟူသော စကားကိုလည်းကောင်း ရွတ်ဆိုလေ့ရှိသည်။

များသောအားဖြင့် ခုနစ်ခေါက်၊ ကိုးခေါက်၊ ၃၇ ခေါက်၊ ၁၀၈ ခေါက်၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း စသဖြင့် မန်းမှုတ်ကြရသည်။ ဂါထာနှင့်အင်းများသည် မည်မျှအထိ စူးရှသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျ မပြောနိုင်သော်လည်း ယင်းဂါထာအတွက် အညွှန်းရေးသူများကမူ ပွဲတွေ့၊ ကိုယ်တွေ့၊ လက်တွေ့ ဟူသောစကားများ ရေးသားထားသဖြင့် ဂါထာ၊ အင်းများကို အသုံးပြုသူများသည် အညွှန်းအတိုင်း ဖြစ်လိမ့်မည်ဟု ယုံကြည်ကြလေသည်။ (အင်းအကြောင်း၊ ဂါထာအကြောင်း နောက်၌ – အကျယ်ရှု)။

## အောက်လမ်းပညာ

အောက်လမ်းပညာဟူ၍ ပညာတစ်မျိုးရှိသေး၏။ အထက်လမ်းဟူ၍ ရှိသလို အောက်လမ်းဟူ၍လည်းရှိသည်ဟု ဆိုလိုသည်။ အောက်လမ်းပညာဆိုသည်မှာ မကောင်းသောအလုပ်များကို လုပ်ကိုင်ကြသည်ဆို၏။ ဥပမာ–လူတစ်ယောက်ကို ထိုပညာဖြင့် အသေသတ်ခြင်း၊ အမျိုးသမီးက အမျိုးသားကို ဖျက်လိုဖျက်ဆီးကြံစည်ခြင်း၊ အမျိုးသားက အမျိုးသမီးကို ဖျက်လိုဖျက်ဆီးကြံစည်ခြင်း စသဖြင့် မကောင်းသောအလုပ်များကို လုပ်ကိုင်သောပညာသည် အောက်လမ်းပညာမည်ကုန်၏။

ထိုအောက်လမ်းပညာကို သင်ကြားစဉ် ဘုရားရုပ်ပွားတော်၊ ပိဋကတ်စာအုပ်များနှင့် ဘုန်းတော်ကြီးဝတ်သော သင်္ကန်းများကို ခြေဖြင့်နင်းထားရသည်။ မီးနေအဝတ်များကို မျက်နှာကြက်လုပ်ထားရသည်ဟု ဆို၏။ ထို့အပြင် သင်္ချိုင်း မြေဖုတ်များကိုခေါ်၍ အစာကျွေး၊ အစောင့်ထားသည်ဟုဆို၏။

---

• ဥုံ = ဟိန္ဒူဘာသာဘုရားများဖြစ်ကြသော ဗြဟ္မာမှ အ၊ ဗိဿနိုးမှ ဥ၊ သျှီဗမ်မှ အံ့,ကိုယူ၍ အ၊ ဥ၊ အံ = ဥုံ ဖြစ်လာသည်။

•• သွာဟ = သောအဟံ – ထိုငါ –ဟု အဓိပ္ပာယ်ရသည်။ မဟာယာန ပညာပါရမိတာ ဟဒယ သုတ္တန်၌လာသည်။ မြန်မာများက "သွားဟေ -- သွားလေ --" ဟု ယူဆထား၏။


mgyoe.com

mgyoe.com SAMPLE BOOK

ခန္ဓာကိုယ်၌ဆေးထိုးခြင်းဖြင့် ထိုပညာများကို ရယူရသည်ဟုဆို၏။ အောက်လမ်းဆရာများသည် အင်းများ၊ ဂါထာများ၊ လက်ဖွဲ့များကို အသုံးပြုတတ်ကြပြီး တစ်ခါတစ်ရံ မိမိတို့မွေးထားသော မြေဖုတ်၊ နတ်မိစ္ဆာများကို အသုံးပြုကြသည်ဟု ဆိုလေသည်။

အောက်လမ်းဟူသောအဓိပ္ပာယ်မှာ ယခုဘဝအတွက်သာ လူ့ပြည်၌နေရတော့မည်၊ မကောင်းမှုများကို လုပ်ရသောအလုပ်များ ဖြစ်သဖြင့် သေလွန်ပြီးနောက် အဝီစိသို့ကျရောက်ပြီး နောက်ထပ် လူ့ဘဝသို့သော်လည်းကောင်း၊ နတ်ပြည်သို့သော်လည်းကောင်း၊ ထို့ထက်မြင့်သော ဘုံဘဝသို့သော်လည်းကောင်း ရောက်ရန်အကြောင်းမရှိတော့ဘဲ အောက်ဘုံသို့သာရောက်ကြရမည်ဖြစ်၍ အောက်လမ်းပညာဟုခေါ်လေသည်။

## စုန်းပညာ

အောက်လမ်းပညာနှင့်တူသော အခြားပညာတစ်မျိုးမှာ 'စုန်း'ပညာဖြစ်လေသည်။ စုန်းပညာသည် များသောအားဖြင့် မိန်းမများ တတ်မြောက်ကြပြီး လျှို့ဝှက်သောပညာတစ်မျိုးဖြစ်သည်ဆို၏။ စုန်းပညာ၌ နဂိုပြီးစုန်းနှင့် သင်စုန်းဟူ၍ နှစ်မျိုးရှိ၏။ နဂိုပြီးစုန်းမှာ ပို၍ထက်မြက်ပြီး သင်စုန်းမှာ အထိုက်အလျောက်သာ တတ်မြောက်သည်ဆို၏။

မိန်းမများသည် စုန်းပညာကို တတ်မြောက်ကြရာ၌ သူတို့သင်ယူသော အချိန်အခါ၌ 'ဘူးသွင်း'* 'ဘူးထုတ်'ကို အတတ်ပညာ၏ အထွတ်အထိပ်အဖြစ် သင်ယူကြရပြီး ဘူးသွင်း ဘူးထုတ်ကို အောင်မြင်စွာ ပြီးမြောက်သွားပါက မိမိပညာသည် အပြီးအဆုံးသို့ ရောက်ပြီဟု မှတ်ယူကြရ၏။

ဥပမာအားဖြင့် လူတစ်ယောက်ကိုနှစ်သက်၍ ထိုသူကို မိမိဘက်ပါအောင် ယင်းပညာဖြင့် မုန့်ဟင်းခါး၊ ကွမ်းယာ၊ လက်ဖက်သုပ် စသည်တို့၌ အပင်းတစ်မျိုးမျိုးကိုသော်လည်းကောင်း၊ မိမိဘက်ပါအောင် စီရင်ထားသော အရာဝတ္ထုတစ်မျိုးမျိုးကိုသော်လည်းကောင်း သေးငယ်အောင်ပြုလုပ်၍ ထည့်ကျွေးလိုက်သည်ဆိုပါစို့။

---

* ဘူးသွင်းသည်ဆိုသည်မှာ ယင်းအတတ်ကို တတ်မြောက်ထားသူက တပည့်လုပ်မည့်သူအား အစာတစ်မျိုးမျိုးကို ကာယကံရှင်မသိအောင် 'ဤအစာကိုစားသူ၌ ဤပညာတတ်မြောက်စေသတည်း'ဟု စိတ်ဖြင့် အဓိဋ္ဌာန်၍ ကျွေးရသည်ဟုဆိုသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မိမိကြိုတင်ထည့်ပေးလိုက်သော ထိုအရာဝတ္ထုသည် မစင်နှင့်အတူ ပါမသွားဘဲ ထိုသူ၏ဝမ်းဗိုက်ထဲ၌ တာရှည်စွာနေပြီး ထည့်ပေးလိုက်သူကိုသာ တမ်းတမ်းတတဖြစ်နေသည်ဆို၏။ နောက်ဆုံး ထိုပညာသည်နှင့် ထိုသူတို့ အောင်မြင်ပြီးသောအခါ ထိုပစ္စည်းကို ပြန်နုတ်၍ ယူထားလေသည်။ အကယ်၍ ဘူးသွင်းကိုမျှသာ အောင်မြင်ပြီး ဘူးထုတ်ကို မတတ်ပါက ထိုစုန်းပညာသည်အား အထူးကြောက်ရသည်ဆို၏။

အဘယ့်ကြောင့်ဆိုသော် သူတစ်ပါးတို့အား ပြုစားသောအခါ မိမိထည့်ပေးထားသောပစ္စည်းကို ပြန်လည်နုတ်ယူရန် မစွမ်းနိုင်ရကား ပြုစားခံရသူသည် ဆရာကောင်း၊ သမားကောင်းများနှင့် မတွေ့ပါက အသက်ကို အန္တရာယ်ပြုသွားတတ်သောကြောင့်တည်း။

## နတ်ကြီးက စုန်း

နတ်ကြီးက စုန်း၊ စုန်းကြီးက ကဝေဟူ၍ အရပ်ထဲသုံးစကား ရှိ၏။ ထိုစကားလိုရင်းမှာ နတ်ဝင်သည် နတ်ကတော်များသည် စုန်းပညာကိုတတ်ကြသည်။ စုန်းပညာကို တစ်ဖက်ကမ်းခပ် တတ်သူများသည် ကဝေပညာကို တတ်မြောက်ကြသည်ဟု ဆိုလိုပေသည်။ ကဝေဟူသည် စက်ကြိုးပိုင်ရှင်ကိုခေါ်၏။ ကြိုးတစ်ပင်ပိုင်၊ နှစ်ပင်ပိုင် စသဖြင့် ရှိ၏။

စက်ကြိုး ၁၂ ပင်ပိုင်သူ စုန်းမသည် မိမိသွားလိုရာ၊ ရောက်လိုရာကို ခဏချင်း ရောက်သည်ဆို၏။ ထဘီကို ခေါင်းမြီးခြုံလိုက်ကာမျှဖြင့်လည်း လင်းတငှက်များ၊ ခွေးများ စသည်အဖြစ်သို့ ရောက်သွားသည်ဟု ဆိုလေသည်။ ထို့အပြင် ချေးစားစုန်းဟူ၍လည်း ရှိသေး၏။ ယင်းစုန်းများမှာ လူတစ်ဖက်သားကို ပြုစားတတ်သူမဟုတ်ဘဲ လူခြေတိတ်သော ညအခါတို့၌ ခေါင်းတစ်ပိုင်းနှင့်အူများသည် မစင်ပုံရှိရာသို့ အရောင်တလက်လက် တောက်ပလျက် သွားရောက်စားသောက်သည်ဟု ဆိုလေသည်။

မြန်မာများ ပြောဆိုသောစကားတစ်ခုမှာ 'စုန်းမရှိက ရွာတည်၍မရ'ဟူသော စကားဖြစ်၏။ ရွာတိုင်း၌ စုန်းရှိသည်ဟူ၍ ဆိုလိုရင်းဖြစ်သည်။ စုန်းပညာဖြင့် ပြုစားရာ၌ 'ပ'ဝင်သောဆေးများမှာ ညစ်ညမ်းသောအရာများဖြစ်သည်ဆို၏။ (အကျယ် နောက်ပိုင်း၌ရှု)

နတ်တိုက်သည်ဆိုသည်မှာ နတ်ကတော်များက မည်သူ့ကို မည်သို့ဖြစ်အောင် လုပ်ပေးပါဟု အိမ်တွင်းနတ်ကိုဖြစ်စေ၊ တခြားနတ်တစ်မျိုးမျိုးကိုဖြစ်စေ၊ တိုင်တန်း၍


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်စေ၊ အစာကျွေး၍ဖြစ်စေ စေခိုင်းခြင်းဖြင့် သူတစ်ပါးကို ထိခိုက်နိုင်သည်ဟုဆိုသည်။ ယင်းသည် နတ်တိုက်မည်၏။

## အောက်လမ်းနှင့်အထက်လမ်း

အောက်လမ်းပညာနှင့် စုန်းပညာမှာ သဘောအားဖြင့် တူညီကြ၏။ ယောက်ျား များက အင်းအိုင်၊ လက်ဖွဲ့၊ မန္တရားများဖြင့် သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်းကို ကြံပြီး၊ စုန်းပညာကို တတ်မြောက်သောမိန်းမများက သူတို့၏ပညာဖြင့် သူတစ်ပါးကို မိုက်နာအောင်၊ သေအောင်၊ ချစ်လာအောင်၊ မဟုတ်မမှန် ကြံစည်ကြသည်ဖြစ်ရာ သဘောမှာ လူတစ်ဖက်သားကို မဟုတ်မမှန် ကြံစည်ရာ၌ တူညီကြလေသည်။ အောက်လမ်းဆရာများနှင့် စုန်းမများ ပြုစားထားသော ဝေဒနာရှင်တစ်ယောက်ကို အထက်လမ်းဆရာများက ကယ်မကြလေသည်။

အထက်လမ်းဆရာများသည် ဝေဒနာရှင်အား မိမိတို့၏ ဂိုဏ်းအစီအစဉ်ဖြင့် စမ်းသပ်ကြည့်တတ်ပြီး အကယ်၍ စုန်းမကသော်လည်းကောင်း၊ အောက်လမ်းဆရာက သော်လည်းကောင်း၊ နတ်ကတော်က နတ်တိုက်ထားသော်လည်းကောင်း တစ်မျိုးမျိုးဖြင့် ထိုဝေဒနာရှင်အား နှိပ်စက်နေကြောင်း စမ်းသပ်တွေ့ရှိပါက ဝေဒနာရှင်အား ပူးစေ၍ မေးမြန်းစစ်ဆေးမှု ပြုလေသည်။

ထို့နောက် နောင်တွင် ဤသို့မပြုလုပ်ရန် သစ္စာရေတိုက်၊ ဘုရားသောက်တော် ရေတိုက်၊ ဂါထာမန္တရားဖြင့် မန်းမှုတ်သောရေများကိုပေးခြင်း၊ အကာအကွယ်လက်ဖွဲ့များ၊ အင်းများ ဝတ်ပေးခြင်းဖြင့် ကုသပေးလေသည်။ အပင်းများထည့်ထားခြင်းကို ခံရပါက ရက်ရှည်ကုသရသည်ဟုဆိုလေသည်။

## ဝေဒနာနှင့် အောက်လမ်းဆရာများ

အောက်လမ်းပညာ – စုန်းပညာများနှင့်ပတ်သက်၍ ပိဋကတ်အဆိုအမိန့်များကို မလေ့လာမီ ထိုပညာသည် အမှန်တကယ် လူတစ်ဦးတစ်ယောက်ကို ဒုက္ခရောက်နိုင် မရောက်နိုင် မည်သူသည် ထိုပညာကြောင့် ဒုက္ခရောက်ဖူးသည် စသည်များကို လေ့လာ ကြရပေလိမ့်မည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ လူသားများသည် ရောဂါတစ်မျိုးမျိုးဖြင့် သေဆုံးနေကြသည်ကို တွေ့ရပေမည်။ အချို့သည် နာတာရှည်ရောဂါ၊ အချို့သည် လတ်တလောဖျတ်ခနဲသေဆုံးမှု၊ အချို့သည် ဗိုက်အောင့်၍ လတ်တလောသေဆုံးမှု၊ အချို့သည် အစာမကြေရောဂါ စသဖြင့် ဝေဒနာများဖြစ်ကြကုန်၏။

ထိုသို့ရောဂါဝေဒနာများ ဖြစ်ပွားကြရာ၌ လတ်တလောသေဆုံးသူများကို စုန်းမဟု နာမည်ရသူများ၊ နတ်ကတော် အကြီးစားများနှင့် အောက်လမ်းပညာရှင်များဟု လူသိများသူများက သူတို့ပြုစားလိုက်သောကြောင့် သေဆုံးရပါသည်ဟု တီးတိုးဝါဒဖြန့်၍ တာဝန်ခံကြလေသည်။

မြန်မာဗိန္ဒောဆရာကြီးများနှင့် ခေတ်မီဆရာဝန်များကမူ ယင်းအယူအဆကို လုံးဝလက်ခံခြင်းမရှိကြဘဲ လေဖြတ်ခြင်း၊ သွေးတိုးခြင်း၊ အစာအိမ်ပေါက်ခြင်း စသည့် ရောဂါများကြောင့် သေဆုံးရကြောင်း အထောက်အထားအပြည့်အစုံ တင်ပြနိုင်ကြလေသည်။ လူ၏ဝမ်းဗိုက်ထဲ၌ အလုံးအခဲများ၊ အမွေးအမျှင်များပေါက်နေသော သွေးဥများ တစ်ခါတစ်ရံ တွေ့ရတတ်၏။

ယင်းသို့ဖြစ်ရသည်မှာ သဘာဝသွေးများခဲနေရာမှ ဖြစ်တတ်သည်လည်းရှိပြီး လေများစုရာမှ သွေးနှင့်လေတို့ ပူးပေါင်းပြီး အလုံးအခဲများ ဖြစ်နေတတ်သည်လည်း ရှိလေသည်။ ယင်းအလုံးအခဲများ ကြီးလာရာမှ ဗိုက်နာ ဗိုက်အောင့်မှုရှိလာတတ်ပြီး ခွဲစိတ်ကုသခြင်းဖြင့် ထိုအလုံးအခဲများကို ထုတ်ပစ်လိုက်နိုင်ပြီး ဝေဒနာများ သက်သာခွင့်ရရှိကြလေသည်။ ရှေးခေတ်ကမူ ခွဲစိတ်ရန်မတတ်ကျွမ်းမှု၊ နားမလည်မှုတို့ကြောင့် လူသားများ အသက်ဆုံးရှုံးခဲ့ကြရလေသည်။ ယင်းခေတ်ကမူ ထိုဝေဒနာများကို စုန်းပင်း၊ နတ်ပင်းဟူ၍ ယူဆရန်မှတစ်ပါး တခြားနည်းလမ်း မရှိခဲ့ချေ။

## မိန်းမကြမ်းက စုန်းမ

ရပ်ရွာတစ်ခု၌ ကြမ်းတမ်းစွာပြောဆိုဆက်ဆံတတ်သော အမျိုးသမီးကြီးများ၊ အများလူရှင်တို့နှင့်တည့်အောင်မပေါင်းသင်း မဆက်ဆံတတ်သော အမျိုးသမီးကြီးများ၊ ရုပ်ရည်ကြမ်းတမ်းသော အမျိုးသမီးကြီးများကို ထိုရပ်ရွာမှ အမျိုးသမီးများက စုန်းမဟု အမည်ပေးတတ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အချို့ရွာငယ်ရွာသိမ်များမှာ သဘာဝရာသီဥတုများ ကြမ်းတမ်းတတ်ကြ၏။ ထိုရပ်ရွာသို့ တခြားသောရပ်ရွာမှာ ခေတ္တဧည့်သည်အဖြစ်လာရောက်နေသူများသည် ထိုရွာ၏ပတ်ဝန်းကျင် ရာသီဥတုဒဏ်ကို မခံနိုင်ဘဲ ဖျားနာတတ်ခြင်း၊ အအေးမိခြင်း၊ အစာမကြေ ဗိုက်အောင့်ခြင်းများ ခံစားကြရတတ်၏။

ထိုရွာနှင့်ပတ်ဝန်းကျင်တစ်ဝိုက်၌ ငှက်ဖျားပိုးများထူထပ်ခြင်း၊ စိမ့်စမ်းကြီးခြင်း၊ အပူအအေးမမျှတခြင်း၊ ပတ်ဝန်းကျင် မသန့်ရှင်းခြင်း စသည်တို့ကြောင့် ထိုရပ်ရွာသို့ အလည်အပတ်ရောက်သူများသည် လတ်တလော နေထိုင်မကောင်းဖြစ်မှုမျိုး၊ အစာမကြေ ဗိုက်နာ၊ ဗိုက်အောင့်ခြင်းမျိုး ကြုံတွေ့တတ်ရာ ထိုရွာမှ စုန်းပြုစားသည်ဟု တထစ်ချ ကင်ပွန်းတပ်ကြလေသည်။

ယင်းသို့ဖြစ်ရသည်မှာ ရပ်ရွာငယ်များဖြစ်၍ ဂုဏ်ငယ်ခြင်းကြောင့် ထိုရပ်ရွာကို ပစ်စလက်ခတ်ပြောခြင်းမျိုးဖြစ်ပြီး အမှန်တကယ်မှာ ထိုရွာ၏ ပတ်ဝန်းကျင်ရာသီဥတု ကြမ်းတမ်းမှုကြောင့်ဖြစ်ကြောင်း သတိပြုရပေလိမ့်မည်။

## အပင်းသွင်းခြင်း

စုန်းများသည် လူတစ်ဦးတစ်ယောက်၏ ဝမ်းဗိုက်ထဲသို့ သားရေပြား၊ အသားတုံး၊ ဆံခြည်ထွေး၊ တုတ်ချောင်း စသည်တို့ကို ထည့်သွင်းတတ်သည်ဟုဆိုလေသည်။ ယင်းသို့ ထည့်သွင်းသည်မှာ မဖြစ်နိုင်ဟူ၍ကား မဆိုနိုင်ချေ။ မျက်လှည့်ဆရာများသည် ဆိတ်အူ ကဲ့သို့သောအူများ၊ အရေပြားများ စသည်တို့ကို နေလှန်းခြင်း၊ တခြားဆေးများဖြင့် ကျုံ့အောင်လုပ်ခြင်းဖြင့် သေးငယ်သောအရာဝတ္ထုအဖြစ်သို့ ပြောင်းလဲပစ်ကြလေသည်။

ထို့နောက် ယင်းပစ္စည်းများဖြင့် ပွဲကြည့်ပရိသတ်များကို အံ့သြလောက်အောင် ပြသကြလေသည်။ သို့ဖြစ်ရာ အရာဝတ္ထုများကို ကျုံ့သွားအောင် လုပ်နိုင်သည်မှာ ထင်ရှားလေသည်။ လူတစ်ဦးတစ်ယောက်၏ ဝမ်းဗိုက်ထဲသို့ ထိုသို့ပြုပြင်ထားသော အရာဝတ္ထုများကို ထည့်ပေးခြင်းမှာလည်း ခဲယဉ်းသောအလုပ်မျိုး မဟုတ်ချေ။ သို့ရာတွင် ထိုအရာဝတ္ထုများသည် ကျင်ကြီးကျင်ငယ်များအဖြစ်သို့ မပြောင်းလဲဘဲ ကြာမြင့်စွာ ဝမ်းဗိုက်ထဲ၌ တည်ရှိနေသည်ဆိုသော အချက်မှာမူကား ဖြစ်နိုင်စရာ လုံလောက်သော အထောက်အထားမရှိချေ။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါတစ်ရံ အစားအစာများ၊ လူဆံပင်များ၊ တခြားမပုပ်မဆွေးတတ်သော အရာများ ပါဝင်သွားတတ်ပြီး ယင်းတို့သည် အူမ၊ အူသိမ်တစ်ခုခုနှင့် ငြိတွယ်နေတတ်လေသည်။ ယင်းသည် ကြာမြင့်လာသောအခါ အစာအိမ်အူမများကို အနာဖြစ်စေပြီး လူနှင့် သက်ရှိသတ္တဝါများကို ဒုက္ခပေးတတ်လေသည်။ ထို့အပြင် မတည့်သော အစားအစာများကို စားမိသဖြင့် လတ်တလော အသက်အန္တရာယ်ကို ဖြစ်စေမှုမျိုးလည်း ရှိတတ်လေသည်။ သို့ဖြစ်ရာ ထိုသို့ ရောဂါအတိအကျ အမည်မဖော်နိုင်ဘဲ သေဆုံးရခြင်းမျိုး ဖြစ်ပွားပါက အရပ်ထဲ၌ တီးတိုးဝါဒဖြန့်မှုမျိုး ဖြစ်တတ်လေ့ရှိရာ ခြေရာလက်ရာ အတိအကျမရှိသော စုန်းပညာနှင့် အောက်လမ်းပညာများသည် သတ္တလောကသားအတွင်း၌ ကြာမြင့်စွာ သက်ဆိုးရှည်နေလေတော့သည်။ (အကျယ်–နောက်မှာရှု)

## အတတ်ပညာအမျိုးမျိုး

အင်္ဂ = လက်ရှည်ခြင်း၊ ခြေတက်ရှည်ခြင်း စသည်များသည် အသက်ရှည်တတ်၏။ ဤသို့ စသည်ဖြင့် လူတို့၏ လက်၊ ခြေ၊ နား၊ နှာခေါင်း စသည်တို့ကိုကြည့်၍ ဟောသော အတတ်ပညာများ။

နိမိတ္တ = နိမိတ်ကိုသိသောကျမ်း။ ပဏ္ဍုမင်းသည် မိမိလက်ထဲ၌ ပုလဲသုံးလုံးကိုဆုပ်ကိုင်၍ နိမိတ်ဟောဆရာအား ဤလက်ထဲ၌ မည်သည့်အရာများရှိသနည်းဟုမေး၏။ ထိုအခါ နိမိတ်ဖတ်သူက ဟိုဟိုသည်သည် ကြည့်သည်ရှိသော် ထိုခဏ၌ အိမ်မြှောင်တစ်ကောင်သည် ယင်တစ်ကောင်ကို လိုက်ဖမ်းနေ၏။ ယင်တစ်ကောင်သည် လွတ်သွား၏။ (လွတ်သွားသည်ဟူသော ပါဠိစကားမှာ မုတ္တဟူ၍ ဖြစ်၏။ ပုလဲကိုလည်း မုတ္တဟူ၍ပင် ခေါ်၏) ထိုအခါနိမိတ်ဖတ်သူက ''အရှင်ဘုရားလက်ထဲ၌ ပုလဲရှိပါသည်'' ဖြေ၏။ ရှင်ဘုရင်က ဘယ်နှလုံးလဲဟု ထပ်မေး၏။ နိမိတ်ဖတ်သူက အိမ်မြှောင်ကို သုံးကြိမ်တိတိဖမ်းနေသည်ကို မြင်ရသောကြောင့် သုံးခုဟုဖြေ၏။ ဤသို့လျှင် ထိုထိုအကြောင်းကို ညွှန်း၍ နိမိတ်ဖတ်ခြင်းသည်ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

အိပ်မက်အဟော = အကြင်သူသည် နံနက်ခါ၌ အိပ်မက်ဖြစ်၏။ ထိုထိုနံနက်ခါ အိပ်မက်မြင်ခြင်းသည် ဤသို့အကျိုးကိုဖြစ်စေလိမ့်မည်စသဖြင့် ဟောခြင်းမျိုးဖြစ်၏။

လက္ခဏာအဟော = ဤသို့ အမှတ်အသားရှိက ရှင်ဘုရင်ဖြစ်မည်။ ဤသို့ အမှတ်အသားရှိက အိမ်ရှေ့မင်းသားဖြစ်မည် စသည် ဖတ်ခြင်းအတတ်မျိုးဖြစ်သည်။

ကြွက်ကိုက်ထားသောအဝတ်များကိုကြည့်၍ဟောသောကျမ်း = ထိုကျမ်း၌ဖော်ပြထားသည်မှာ ဤသို့ကြွက်ကိုက်လျှင် ဤသို့ဖြစ်တတ်သည်။ အပေါက် ဤသို့ရှိလျှင် ဤသို့ဖြစ်တတ်သည် စသဖြင့် ပြဆိုသောကျမ်း။

မီးပူဇော်သောကျမ်း= ဤသို့ သစ်သားဖြင့် မီးပူဇော်လျှင် ဤသို့ဖြစ်တတ်သည်။ မည်သည့်နေ့ရက်မှာ မည်သည့်ပစ္စည်းဖြင့် မီးပူဇော်က မည်သို့ဖြစ်တတ်သည် စသဖြင့် ပြဆိုသောကျမ်း။

အင်္ဂဝိဇ္ဇာ = လာမေးသောသူ၏ လက်ခြေ ကိုယ်အင်္ဂါအနေအထား၊ အပြုအမူတို့ကိုမြင်၍ ဟောသောကျမ်း။ လက်၊ ခြေ၊ အင်္ဂါအစိတ်အပိုင်းတို့ကိုမြင်၍ ဂါထာမန္တရားများကို မန်းမှုတ်၍ "ခင်ဗျားသူဌေးသားပဲ၊ ခင်ဗျားမှာ ငွေမည်မျှရှိသည်၊ မည်သည့်အကြောင်းကြောင့် ဤနေရာသို့လာရသည်"စသဖြင့် ဟောသောကျမ်းသည် အင်္ဂဝိဇ္ဇာကျမ်းမည်၏။

ပက္ကဇ္ဈာန = အသက်တိုရှည်နေရလတ္တံ့သည်ကို သိခြင်းအတတ်။ ဤသူသည် ဤမျှအသက်ရှည်လိမ့်မည်၊ ဤမျှအသက်တိုလိမ့်မည်ဟု မမြင်အပ်သောအရာတို့ကိုသိခြင်း။

မိဂစက္က = သားရဲတိရစ္ဆာန်များ၊ ငှက်များ စသည်တို့၏အသံကိုကြား၍ သိသောပညာ။

မိန်းမ၊ ယောက်ျား တို့၏ လက္ခဏာ = ဤမိန်းမမျိုးသည် အကျိုးစီးပွား မဖြစ်ထွန်း၊ ဤမိန်းမမျိုးသည် အကျိုးစီးပွားဖြစ်ထွန်းသည်။ ဤယောက်ျားမျိုးသည် အကျိုး

mgyoe.com

mgyoe.com SAMPLE BOOK

စီးပွား မဖြစ်ထွန်း၊ ဤယောက်ျားမျိုးသည် အကျိုးစီးပွား ဖြစ်ထွန်းသည် စသဖြင့်သိခြင်းမျိုး။

စစ်ထွက်အဟော = ဤမင်းသည်၊ ဤစစ်တပ်သည် မည်သည့်အချိန်၌ စစ်ထွက်လိမ့်မည်။ မည်သည့်အချိန်၌ ပြန်လာလိမ့်မည်ဟု ကြိုတင်ဟောခြင်းအတတ်မျိုး။ မည်သည့်မင်းသည် စစ်ရှုံးလိမ့်မည်။ မည်သည့်မင်းသည် စစ်ပွဲအောင်မြင်လိမ့်မည် စသဖြင့်ဟောခြင်းမျိုး။ လ၊ နေများ ကြတ်လိမ့်မည်ဟု ဟောခြင်းမျိုး၊ နေထွက်နေဝင်ကို သိသောအတတ်မျိုး။

ဂဏန်းသင်္ချာပညာမျိုး= ကဗျာပညာ၌ ကျွမ်းကျင်သောပညာမျိုး။ မင်္ဂလာဆောင်ရာ၌ နက္ခတ်ရွေး၊ ရက်ရွေး၊ နေ့ရွေးပညာမျိုး။ ဤနေ့ရှိနက္ခတ်သည် မည်သည့်ဘက်သို့ ရောက်နေသည်။ ဤနေ့၌ပေါင်းသင်းက ကောင်းမြတ်သည်၊ ဤနေ့မှာ လူနှစ်ယောက်တို့၏ ချစ်ခြင်းကို ခွဲပစ်နိုင်သည် စသဖြင့် ဓာတ်ရိုက်၊ နက္ခတ်ရိုက်ပညာမျိုး။ အရောင်းအဝယ်၌ နေ့ရွေးခြင်းပညာမျိုး။ မည်သည့်နေ့၌ ဥစ္စာပစ္စည်းများ စတင်စုဆောင်းက ဆင်းရဲနိုင်သည်၊ ချမ်းသာနိုင်သည် စသည့်ပညာမျိုး။ ကိုယ်ဝန်ပျက်အောင်၊ ကိုယ်ဝန်တည်အောင် ဆောင်ရွက်သောပညာမျိုး။ မေးကိုခိုင်အောင်ပြုသော မန္တရားပညာမျိုး။ လက်ကိုပြောင်းပြန်လန်သွားအောင် မန်းသောမန္တရာမျိုး။ အကြင်မန္တန်ကို မန်းသည်ရှိသော် ခုနစ်လှမ်းလှမ်းသောနေရာ၌ ရပ်၍ မန္တရားဖြင့် မန်းမှုတ်သောအခါ တစ်ပါးသူ၏ လက်များသည် ပြောင်းပြန်ဖြစ်သွား၏။ ကြေးမုံ (မှန်) အပြင်သို့ နတ်ကိုခေါ်၍မေးသောပညာမျိုး။ တရားရင်ဆိုင်သောအခါ မိမိဘက်ကနိုင်အောင် မန်းမှုတ်ရသော ဂါထာမန္တရားပညာမျိုး။ နတ်နေသောနေရာသို့သွား၍ ''ဤအကြံအစည်များအောင်ခဲ့လျှင် ဤမည်သောအစားအစာများဖြင့် ဆက်သမည်''ဟု ကတိပြု၍ ဆောင်ရွက်ရသောပညာမျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

မြေဖြင့်ပြီးသော အိပ်ရာ၌နေ၍ သင်အပ်သောအတတ်ကို လှံ့လပြုခြင်း၊ သင်ယူခြင်းအတတ်မျိုး (ဘူရိကမန္တံ–ဘူရိယရေဝသိက္ခာ ဂဟိတမန္တဿ ပယောဂကရဏ•) ပဏ္ဍုက်ကို ယောက်ျား ဖြစ်အောင်ပြုလုပ်ခြင်း အတတ်မျိုး။ ယောက်ျားကို ပဏ္ဍုက် ဖြစ်အောင်ပြုလုပ်ခြင်းအတတ်မျိုး။ (ယောက်ျားကို ပဏ္ဍုက် ဖြစ်အောင်ပြုခြင်း၌ ယောက်ျား၏အလိုအာသာဖြစ်ခြင်းမျှကိုသာ ဆောင်ရွက်နိုင်ပြီး၊ ယောက်ျား၏လိင်ကို ကွယ်ပျောက်အောင် မစွမ်းဆောင်နိုင်) အိမ်ဆောက်ရာ၌ ဗလိနတ်စာကျွေးခြင်း အတတ်မျိုး။ ဆေးတိုက်၍ အန်အောင်ပြုခြင်းအတတ်မျိုး။ ဝမ်းကျဆေးတိုက်ခြင်းအတတ်မျိုး။ ဦးခေါင်းပိုးချခြင်း အတတ်မျိုး။ နှာနှပ်ခြင်းအတတ်မျိုး။

**(သုတ်သီလက္ခန် – ၉၂)**

## အဋ္ဌာရသပညာ (၁၈) မျိုး

၁။ ကပ္ပ = တစ်ခုတစ်ခုသော ဗေဒ၏ အခက်အလက်သာခါ ကျမ်း၏ အထူးထူးသောအပိုင်း၌ ဆိုအပ်သော မန္တန်နည်းအားဖြင့် သိအပ်သော သာခါတစ်ပါး၌တည်သော မန္တန်တို့ကို သုံးစွဲပုံ အစီအရင်ကိုပြသော ဗောဓာယနစသော ရသေ့တို့ စီရင်အပ်သောကျမ်း။

၂။ ဗျာကရဏ = ပါနိဏိစသော သဒ္ဒါကျမ်းမျိုး။

၃။ ဇောတိသတ္ထ = ဂြိုဟ်များ၊ နက္ခတ်များ အသွားအလာတို့ကိုပြသော သုဘ အသုဘ စသည်တို့ကို ပြသောကျမ်း။

၄။ သိက္ခာ = သရ၊ ဗျည်း၊ ဌာန်၊ ကရိုဏ်း၊ ပယတ် စသည်တို့ကို ပြသောကျမ်း။

---

• ပယောဂကရဏံ = ယှဉ်ခြင်းကိုပြုခြင်းဟူ၍ အဓိပ္ပာယ်ရှိသည်။ ယင်းပါဠိစကားကို ပယောဂ ပြုစားသည်ဟု ခေါ်ဝေါ်သုံးစွဲလာဟန်ရှိသည်။ (စာရေးသူ)

mgyoe.com

mgyoe.com SAMPLE BOOK

၅။ နိရုတ္တိ = အက္ခရာ၊ အာဂုံစသော လက္ခဏာများနှင့်တကွ ပကတိ၊ ပစ္စည်း၊ ဝိဂြိုဟ်စသည်တို့ကိုပြသော ဗျာကရဏဟု ဆိုထိုက်သော ယာသ္ကရသေ့စီရင်သောကျမ်း။

၆။ ဆန္ဒောဝိစိတိ = ဇဂတိစသောဆန်းတို့ကို ပြဆိုသော ပိင်္ဂလရသေ့စီရင်အပ်သော ဆန်းကျမ်းစသည်များ။

**မှတ်ချက်**။ ။ ယင်းအထက်ပါခြောက်မျိုးတို့ကို အောက်ပါအတိုင်း သတ်မှတ်ထားကြကုန်၏။

ဆန်းကျမ်းဟူသည် ဗေဒကျမ်းများ၏ခြေထောက်၊
ကပ္ပကျမ်းသည် ဗေဒကျမ်း၏လက်၊
ဇောတိသသည် ဗေဒကျမ်း၏မျက်စိ၊
နိရုတ္တိသည် ဗေဒကျမ်း၏ နား၊
သိက္ခာကျမ်းသည် ဗေဒကျမ်း၏ နှာခေါင်း၊
ဗျာကရဏကျမ်းသည် ဗေဒကျမ်း၏ ခံတွင်းဖြစ်၍ ဗေဒကျမ်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ဆိုအပ်ကုန်၏။

၇။ သာမဗေဒကျမ်း

၈။ ယဇုဗေဒကျမ်း

၉။ ဣရုဗေဒကျမ်း

၁၀။ အာထဗ္ဗဏဗေဒကျမ်း

၁၁။ မီမံသာ = ကံ၏အကြောင်းအကျိုးကို စိစစ်ဆုံးဖြတ်ပေးသော ဇေမိနိရသေ့ စီရင်အပ်သော ပုဗ္ဗမီမံသာဟု ထင်ရှားသောကျမ်း။ ဗြဟ္မာ၏ အကြောင်းအရာကို စိစစ်ပြသော ဗေဒန္တဟု လူသိများသောကျမ်း စသည်။

၁၂။ ဉာယ = ဂေါတမရသေ့စသော ရသေ့များ စီရင်အပ်သော တက်ကျမ်းအမျိုးမျိုး။

၁၃။ ဓမ္မသတ္တ = အမျိုးလေးပါးတို့၏ အကျင့်စာရိတ္တ စသည်တို့ကို ပြဆိုသော မနုရသေ့စသော မင်းဆရာများစီရင်သော ကျမ်းမျိုး။


mgyoe.com

mgyoe.com SAMPLE BOOK

၁၄။ ပုရာဏ = ပုရာဏ်ကျမ်း – ရှေးဟောင်း အကြောင်းအရာများကို ပြဆိုသောကျမ်း (အမျိုးပေါင်း ၁၈ မျိုးရှိသည်ဟုဆိုသည်)

၁၅။ အာယုဗေဒ = ဆေးကျမ်းအတတ်မျိုး။

၁၆။ ဓနုဗ္ဗေဒ = လေး၊ လက်နက်စသည်တို့ကို မန္တန်နှင့်တကွ ပစ်လွှတ်တတ်သော ကျမ်းအတတ်မျိုး။

၁၇။ ဂန္ဓဗ္ဗဗေဒ = သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း အမျိုးမျိုးတို့ကိုပြဆိုသော အနုပညာဆိုင်ရာ သံဂီတကျမ်းအတတ်။

၁၈။ အတ္ထသတ္ထ = ဥစ္စာစည်းစိမ်ရကြောင်း၊ လိမ္မာယဉ်ကျေးကြောင်း စသည်တို့ကို ပြဆိုသော နီတိကျမ်းမျိုး။

ဤကား အဋ္ဌာရသ (၁၈) မျိုးသော ပညာများဖြစ်ကြကုန်၏ဟူ၍ လောကီကျမ်းတို့၌ ဆိုကြကုန်၏။

တခြားသော ပိဋကတ်ဆိုင်ရာ သဒ္ဒနီတိ ဓာတုမာလာ ရုဓာဒိသဏ္ဍ၊ ဇာတ်နိပါတ် ပဥ္စမအဆုံး ဒုမ္မေဓဇာတ်ဋီကာ၊ မိလိန္ဒပညာ၊ လောကနီတိ စသည်တို့၌ အဋ္ဌာရသပညာ သရုပ် တစ်မျိုးစီလာကြသေး၏။

အထက်တွင်ဖော်ပြခဲ့သော ရှေးဟောင်းကျမ်းများအရ၊ ကြေးမုံ (မှန်)တွင် နတ်ကို ခေါ်၍မေးသော အတတ်ဟူ၍ ပါရှိခဲ့သည်ကို သတိပြုမိကြရာ၏။ ယင်းသည် ယနေ့ နတ်ကတော်များ နတ်မေးသောပညာမျိုးပင် ဖြစ်ပေလိမ့်မည်။ ရခိုင်ပြည်နှင့် တခြားဒေသ အချို့၌ နတ်ကိုမေးသောအခါ နတ်ကတော်က မှန် (ကြေးမုံ) တစ်ချပ်ကို မိမိရှေ့တွင် ထောင်၍ ဟောပြောလေ့ရှိသည်။

ထို့ပြင် မြေဖြင့်ပြီးသောအိမ်၌နေ၍ သင်အပ်သောအတတ်ကို လုံ့လပြုခြင်း၊ သင်ယူခြင်းအတတ်မျိုးဟူ၍ တွေ့ရပေသည်။ ယင်းစကားစု၏ ပါဠိဝါကျ၌ ပယောဂ ကရဏဆိုသောစကားစုတစ်ခု ပါဝင်လေသည်။ သို့ဖြစ်ရာ ယင်းအတတ်သည် ပယောဂ ပညာ၏ အခြေခံအတတ်မျိုး ဖြစ်လိမ့်မည်ဟု ယူဆရပေသည်။ ယခုခေတ်၌ ပယောဂ ပညာကို သင်ယူသောအခါ အများအားဖြင့် မြေ၌ ဆေးထိုးခြင်းကို ပြုလုပ်ကြရကြောင်း တွေ့ရှိရလေသည်။

သီဝဝိဇ္ဇာနှင့် ဘူတဝိဇ္ဇာဟူသည်မှာ ယခုခေတ်၌ ခေါ်ဝေါ်နေကြသော အောက်လမ်းပညာများနှင့် နီးစပ်သည်ဟု ဆိုနိုင်ပေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## *စုန်း ၇ မျိုး

(၁) ခြေစုန်း = သစ်သီးကိုစားသည်၊ ခြေကိုလည်းကောင်း၊ ခြေရာကို သော်လည်းကောင်း၊ ကိုယ်တိုင်ကိုင်ရမှ ဖမ်းစားနိုင်သည်။ ယင်းကို 'ရှာသူ' ဟုသမုတ်သည်။

(၂) ခေါင်းစုန်း = သစ်သီးအမှည့် အချို့, အချဉ်တို့ကိုစားသည်။ အရိပ်ကို သော်လည်းကောင်း၊ ခြေရာကိုသော်လည်းကောင်း ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်သည်။ ယင်းကို 'နဖားတပ်' ဟုခေါ်သည်။

(၃) ကိုယ်စုန်း = မစင်ချေးခြောက်ကို စားသည်။ ခြေရာ၊ အရိပ်၊ ကိုယ်ကို ကိုင်ထိရမှ ဖမ်းစားနိုင်သည်။ ယင်းကို 'ဆင်ကွပ်'ဟု သမုတ်သည်။

(၄) မောက်လုံးစုန်း = အသွေး၊ အသား၊ အရေကို စားသောက်သည်။ ကိုယ်တိုင် မြင်ရ၊ ထိရ၊ နမ်းရမှ ဖမ်းစားနိုင်သည်။ ယင်းကို 'စုန်း' ဟုသမုတ်သည်။

(၅) မောက်ပြား = အူ၊ အသည်းအမြစ်တို့ကိုစားသည်။ ကိုယ်တိုင်မြင်ရ၊ ထိရ၊ နမ်းရမှ ဖမ်းစားနိုင်သည်။ ယင်းကို 'ရှာသမီး' ဟု သမုတ်သည်။

(၆) အိမ့်တလိမ့်စုန်း = အကြော်၊ အလှော်၊ အဆိမ့်၊ အအိမ့်တို့ကို စားသည်။ အမည်နာမကိုသိမှ မိမိလက်အောက်ရှိ ၃၇ မင်းနတ်တို့ကို စေပါးခိုင်းစေ ဖမ်းစားနိုင်သည်။ ယင်းကို 'ဇော်ဂနီ'ဟု သမုတ်သည်။

---

*သစ်ပင်၏အတွင်း၌ သစ်ခြောက်ကောင်ဟုခေါ်သော နတ်များသည် ဂန္ဓဗ္ဗနတ်များပင်ဖြစ်၏။ ထိုနတ်များသည် မိန်းမတို့၏ ခန္ဓာကိုယ်အတွင်းသို့ ပူးဝင်၍ မိန်းမများခိုင်းသမျှကို ပြုတတ်၏။ ထိုနတ်မများကို ဝေဒကျမ်းများက ယောဂိနီဟုခေါ်၍ ယခုကာလ၌ ယကို ဇသို့ပြောင်း၍ ဇော်ဂိနီဟုခေါ်၏။ မြန်မာတို့က ဇော်ဂနီဟုခေါ်၏။ လပြည့်အခါ စသည်တို့၌ အရောင် တလက်လက်ထွက်သောကြောင့် ဇုဏှာ–မြန်မာလို ဇုဏ်း = စုန်းဟုလည်းခေါ်၏။
(အရှင်ဇနကာဘိဝံသ သဗ္ဗြုဟ်ဘာသာဋီကာ – ၂၆၀)


mgyoe.com

mgyoe.com SAMPLE BOOK

(၇) ကဝေမြှောက်စုန်း= ၎င်းကား လူသေ့၊ လူသား၊ လူရိုးတို့ကိုစားသည်။ အမည်နာမကိုသိက မိမိလက်အောက် နတ်တို့ကို စေပါးခိုင်းစေဖမ်းစားနိုင်သည်။ ၎င်းကို 'ကဝေ'ဟု သမုတ်သည်။ (ကဝေသည် ကဝိဟူသောစကားမှလာ၏။ ပညာတတ်ဟု အဓိပ္ပာယ်ရ၏။)

**မှတ်ချက်** ။ ။ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ ၎င်းသုံးယောက်တို့ကား သေအောင်မဖမ်းစား၊ မကြံစည်နိုင်ကြကုန်။ မောက်လုံး၊ မောက်ပြား၊ အိမ်မှံ့တလိမ့်၊ ကဝေမြှောက် ၎င်းလေးယောက်သောစုန်းတို့ကား သူ့ကို သေအောင်ဖမ်းစား ကြံစည်နိုင်သော တန်ခိုးသတ္တိရှိကြကုန်၏။ ထိုမှတစ်ပါး တခြားစုန်း ၆၆ ပါး၊ ဘူးသွင်းစုန်းမျိုး (၇) ပါး၊ ကာကနီ၊ ဇော်ဂနီစုန်းမျိုး (၅) ပါး ပေါင်း (၇၈) ပါးသောအကြောင်းအရာအကျယ်ကို 'လောကီအင်္ဂုတ္တိုရ်' ကျမ်းရင်းကြီးမှာ ရှုပါကုန်။

**(သုတေသနသရုပ်ပြ အဘိဓာန် နှာ-၂၀၈)**

## ကတော် (၄) ပါး

မှော်ပညာနှင့် အောက်လမ်းဆရာများ၊ နတ်ကတော်များအသုံးပြုသော ကတော်လေးပါးမှာ –

(၁) အနောက်ဘက် ရှင်မကတော်
(၂) မြောက်ဘက် ရှင်မကတော်
(၃) ရေယာဉ်ကတော်
(၄) နှဲကတော်ဟူ၍ ကတော်လေးယောက်ရှိသည်။

## ရောဂါဖြစ်ခြင်းအကြောင်း၊ သို့မဟုတ် ယှဉ်စပ်ခြင်း (၄) ပါး

(၁) သွေးပယောဂ
(၂) လေပယောဂ (ဓာတ်ဗိန္ဒောဆရာတို့အလို)

mgyoe.com

mgyoe.com SAMPLE BOOK

(၃) ဝိဇ္ဇာမယ ပယောဂ
(၄) ဣဒ္ဓိမယ ပယောဂ (မှော်ဝိဇ္ဇာ အောက်လမ်းဆရာတို့အလို)

**(သုတေသန သရုပ်ပြ အဘိဓာန် – ၃၂၀)**

## မှော်အတန်းအစားများ

မှော်ပညာ အတန်းအစားဂိုဏ်းပေါင်း မည်မျှပင်များစေကာမူ မဟာသရက်ကျမ်း၊ ကဝေသာရကျမ်း၊ သရဘူ စသော ကျမ်းကြီးတို့၌ (၁) ဆေးမှော်၊ (၂) ရက္ခမှုမှော်၊ (၃) အင်းမှော်၊ (၄) ပထမံမှော်၊ (၅) စမမှော်၊ (၆) သမာဓိမှော် ဟူ၍ ခြောက်ဆူမျှသာ လာသည်။

ထိုမှော်ကြီးခြောက်ဆူမှ တစ်ပါးလည်း မိမိတို့နှစ်သက်ရာ ဂိုဏ်းဆရာများ၏ ယူဆချက်အရ ဂိုဏ်းခွဲမှော်ဟူ၍ ခြောက်ဆူရှိပြန်သည်ကား . . . (၁) ရက္ခစိုးမှော်၊ (၂) အဗ္ဘာရသမှော်၊ (၃) ပိဋကတ်မှော်၊ (၄) မဟိဒ္ဓိ ဝိပဿနာမှော်၊ (၅) ဒေဝရာသီမှော်၊ (၆) ဒေဝီသူရဿတီမှော် ဟူ၍ ခြောက်ပါးပြားပြန်၏။

**(သုတေသနသရုပ်ပြ – ၄၃၂)**

## ဝိဇ္ဇာမိုရ်များ

လယ်ဆီဆရာတော်နှင့် သေကျှတောင် ဦးတိလောကဆရာတော်တို့ ရေးသားသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၌ ဝိဇ္ဇာမိုရ်ငါးမျိုးလာ၏။ ယင်းတို့မှာ –

(၁) ဝေဒဝိဇ္ဇာမိုရ် = ဣလ္လသျှု၊ ယဇု၊ သာမ၊ အာထဗ္ဗန ဗေဒင်လေးမျိုးကို တတ်မြောက်သူ။

(၂) မန္တဝိဇ္ဇာမိုရ် = လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ ဂါထာမန္တရား၊ ဆေးဝါးဓာတ်ကျမ်း၊ စက်မှုလက်မှု လောကီပညာ အတတ်မျိုးကို တတ်မြောက်သူ။

(၃) ဂန္ဓာရီဝိဇ္ဇာမိုရ် = ဓနသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဥဒကသိဒ္ဓိမျိုးကိုပေါက်၍ နတ်သိကြားတို့လောက် အစွမ်းအာနုဘော်ရှိသော


mgyoe.com

mgyoe.com SAMPLE BOOK

ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဟူသမျှသည် ဂန္ဓာရီဝိဇ္ဇာမိုရ်မည်၏။

(၄) လောကီယဝိဇ္ဇာမိုရ် = လောကီအဘိညာဉ်ငါးပါးကို ရတော်မူသော ဈာန်ပုံပုဂ္ဂိုလ်အပေါင်းသည် လောကီယဝိဇ္ဇာမိုရ်မည်၏။

(၅) အရိယဝိဇ္ဇာမိုရ် = အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အဟုတ်အမှန် သိတော်မူသော အရိယာပုဂ္ဂိုလ် (၈) ယောက်သည် အရိယာဝိဇ္ဇာမိုရ်မည်၏။

## သိဒ္ဓိ ၁၀ မျိုး

အောက်ပါ သိဒ္ဓိ (၁၀) မျိုးကို ထပ်မံလေ့လာသင့်ကြပေသည်။ တစ်စုံတစ်ခုသော အင်းအိုင်၊ လက်ဖွဲ့ စသည်တို့ဖြင့် စီရင်သောအခါ လိုရာကို ပြီးစီးနိုင်သည်ဟုဆိုသည်။ ယင်းတို့မှာ –

(၁) စိန္တာမယသိဒ္ဓိ = စိတ်ကြံရာဖြစ်စေခြင်း။

(၂) ဥဒကသိဒ္ဓိ = ရေပြင်ပေါ်၌ လျှောက်နိုင်ခြင်း၊ အိပ်နိုင်ခြင်း။

(၃) ပထဝီသိဒ္ဓိ = မြေကိုလျှိုးနိုင်ခြင်း၊ မြေကြောကို ရှုနိုင်ခြင်း။

(၄) ဓနသိဒ္ဓိ = ရွှေငွေရတနာများကို လိုသလိုရနိုင်ခြင်း။

(၅) အာယုသိဒ္ဓိ = အသက်ရှည်ခြင်း၊ အရွယ်နုပျိုခြင်း။

(၆) အာကာသသိဒ္ဓိ = ကောင်းကင်ခရီးဖြင့် သွားလာပျံသန်းနိုင်ခြင်း။

(၇) အာရောဂျသိဒ္ဓိ = အနာရောဂါကင်းစင်ခြင်း။

(၈) ကာယသိဒ္ဓိ = ဓား၊ လှံ၊ သေနတ် စသည့်လက်နက်များ မထိနိုင်ခြင်း။

(၉) ပီယသိဒ္ဓိ = သတ္တဝါအားလုံးတို့၏ ချစ်ခင်မှုကို ခံယူခြင်း။

(၁၀) ဣဒ္ဓိသိဒ္ဓိ = ဈာန်တန်ခိုးဖြင့် အထူးထူးဖန်ဆင်းနိုင်ခြင်း။

ပိဋကတ်ကျမ်းများ၌ စူဠဂန္ဓာရီဟူ၍လာ၏။ အသီတိမဟာသာဝကအလောင်း မိလိန္ဒပိစ္ဆမထေရ် ဗုဒ္ဓနှင့်မတွေ့မီက စူဠဂန္ဓာရီအတတ်ကို တတ်ကြောင်း၊ ကောင်းကင်၌ ပျံသွားနိုင်ပြီး သူတစ်ပါးစိတ်ကို သိကြောင်းနှင့် မဟာဂန္ဓာရီဆိုသည်မှာ ယင်းထက်ပင်

mgyoe.com

mgyoe.com SAMPLE BOOK

တန်ခိုးရှိသေးကြောင်း ဓမ္မပဒ အဋ္ဌကထာ၌လာ၏။ ယင်းကို အောက်ပါအတိုင်း မြန်မာမှု ပြုထားကြကုန်၏။

## ဂန္ဓာရီပညာ ၂ မျိုး

(၁) စူဠဂန္ဓာရီဟူသည် ဖုတ်ကြီး (၄၀)၊ ကဝေ (၉၉)၊ အပြင် (၃၇) မင်း၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ စသော အောက်နတ်ပုဂ္ဂိုလ်တို့ကို အစွဲပြုပြီး ပြုလုပ်စီရင်သော အင်း၊ အိုင်၊ မန္တန်၊ လက်ဖွဲ့၊ ခါးလှည့်၊ မှော် စသည်တို့ကို တတ်ကျွမ်းသော မှော်ဆရာ၊ ပယောဂဆရာ၊ အောက်လမ်းဆရာ၊ အကြွမ်းဆရာ စသည် များသည် စူဠဂန္ဓာရီလမ်းမည်၏။

(၂) မဟာဂန္ဓာရီဟူသည် သူရဿတီမယ်တော်ကြီးမှစ၍ ဒေဝီ (၂၁) ပါး၊ သာသနာ တော်ကြီးကိုစောင့်ရှောက်သော နတ်မင်းကြီး (၅) ပါး၊ စတုလောကပါလနတ်မင်း (၄) ပါး၊ ဘိုးတော်သိကြားမင်းမှစ၍ အထက်နတ် ဟူသမျှနှင့်တကွ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ ယင်းတို့နှင့်သက်ဆိုင်သမျှသော အထက်နတ်များတို့ဖြင့် ဆောင်ရွက်ရသော အတတ်ဟူသမျှသည် မဟာဂန္ဓာရီလမ်းမည်၏။ ထို့အပြင် ဆေးဂန္ဓာရီ၊ အင်းဂန္ဓာရီ၊ ပြဒါးဂန္ဓာရီ၊ သံသေဂန္ဓာရီဟူ၍ လေးမျိုးလာသေး၏။

## အင်းကန် – အင်းကျိုးများ

အင်းကိုစီရင်ရာ၌ အင်းကန် (၇) မျိုး၊ အင်းကျိုး (၇) မျိုးဟူ၍ လာ၏။ အင်းကန် (၇) မျိုးမှာ –

(၁) နက္ခတ်မမှန်ခြင်း
(၂) အင်းဆန်ဂဏန်း၊ အက္ခရာမမှန်ခြင်း
(၃) အင်းအသွားအလာ အလှည့်မမှန်ခြင်း
(၄) အက္ခရာဂဏန်းများ မညီမညာခြင်း
(၅) ကိုယ်ဝန်ဆောင်နှင့် မသန့်ရှင်းသူများကိုင်ခြင်း
(၆) အင်းချသူ၏ ကိုယ်လက်မသန့်ရှင်းခြင်း
(၇) ဂါထာမန္တန် မမှန်ကန်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

အင်းကျိုး (၇) မျိုးမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) အင်းချသူနေရာမမှန်ခြင်း၊ ကြိယာပုတ်ပြောင်းလဲခြင်း
(၂) စကားပြောခြင်း၊ သီချင်းဆိုခြင်း၊ လေချွန်ခြင်း
(၃) လူလဲ၍ စီရင်ခြင်း
(၄) စီရင်မပြီးမီ ထ၍သွားခြင်း
(၅) အင်းအုံပြတ်ခြင်း
(၆) စတုရန်း လေးမျက်နှာ မျဉ်းမသားမီ အတွင်းမျဉ်းကိုသားခြင်း
(၇) အင်းဘောင်ရွေ့ခြင်း

## အင်းချသူလိုက်နာရမည့်စည်းကမ်း

ယင်းအထက်ပါ အင်းကျိုးအင်းကန်းများမှာ မည်သည့်အကျိုးစီးပွားကိုမျှ မဖြစ်စေဟုဆိုသည်။ ထို့ပြင် အင်းချသူသည် အောက်ပါအင်္ဂါ (၈) မျိုးနှင့် ညီညွတ်ရမည်ဟု ဆိုသေးသည်။ ယင်းတို့မှာ –

(၁) မိမိစီရင်သောအင်းကို လုံးဝယုံကြည်မှုရှိရမည်။
(၂) ကောင်းသော အလိုဆန္ဒ၊ ဝီရိယရှိရမည်။
(၃) မှန်ကန်ကောင်းမြတ်သော အသိဉာဏ်ရှိရမည်။
(၄) အစီအရင်ကို အရိပ်ဖြင့် မကွယ်ရ။
(၅) တစ်ခုခုသော ဒွါရကိုမပိတ်ရ။
(၆) စကားမပြောရ၊ အခြားတစ်ပါးသို့ လှည့်မကြည့်ရ။
(၇) မပြီးခင် ခေတ္တမျှ ထ၍မသွားရ။
(၈) မိမိစီရင်သော အင်းမှတစ်ပါး တခြားသို့ စိတ်မရောက်ရ၊ မတွေးတောရ။

## အင်းပေါက် (၇) မျိုး

ပေါက်ထွက်နေသော အင်းများသည် တန်ခိုးအာနိသင် မရှိဟုဆိုသည်။ အင်းပေါက် (၇) မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အင်းဘောင်ချင်း မထိစပ်ခြင်း
(၂) အင်းဘောင်အင်းကွက်ကို မျဉ်းဖောက်ထွက်နေခြင်း


mgyoe.com

mgyoe.com SAMPLE BOOK

(၃) အင်းချမမှန်ခြင်း
(၄) အင်းဘောင်နှင့်အင်းဆန် ထိစပ်နေခြင်း
(၅) ဂဏန်းထောင့် မကိုက်ညီခြင်း
(၆) အက္ခရာ၊ ဂဏန်းများ၊ မပီသခြင်း၊ မမှန်ခြင်း
(၇) အင်းကွက်ချမညီခြင်း

## လေ့လာချက်

အထက်လမ်းအကြောင်း၊ အောက်လမ်းအကြောင်း၊ သိဒ္ဓိအကြောင်း၊ ပယောဂအကြောင်း၊ စုန်းအကြောင်း စသည်များနှင့်တကွ အင်းအိုင်၊ ဂါထာ၊ မန္တရား စသည့်အကြောင်းများကို အတော်အသင့် လေ့လာမိခဲ့ကြပေပြီ၊ ယင်းသို့ လေ့လာရာ၌ ယင်းပညာရပ်များ၏ အခြေခံအကြောင်းများမှာ စူးစိုက်ခြင်း၊ ယုံကြည်ခြင်း၊ ခံယူခြင်းများဖြစ်ကြောင်း လေ့လာမိကြပေလိမ့်မည်။ ထို့အပြင် ယင်းပညာရပ်များသည် ပိဋကတ်စာပေများ၊ အဋ္ဌကထာကျမ်းကြီးများမှ သက်ဆင်းလာကြောင်းကိုလည်း အရိပ်အမြွက် နားလည်ကြရသည်။

ဂါထာမန္တရားများနှင့် သိဒ္ဓိအတတ်များမှ ဆင်းသက်လာသော ရှေးဟောင်းအိန္ဒိယအယူအဆများသည် ပိဋကတ်ကျမ်းစာများနှင့် သက္ကဋကျမ်းစာများမှတစ်ဆင့် အာရှနိုင်ငံများသို့ ပြန့်နှံ့သွားသည်မှာ ထင်ရှားသည်။ ရှေးခေတ် အိန္ဒိယမှ ဗုဒ္ဓရဟန်းတော်များသည် ပိဋကတ်စာပေများကို ပြုစုရာ၌ သူတို့၏ မိရိုးဖလာ အယူအဆဖြစ်သော ရှေးဟောင်းအယူအဆများကို ထိုထိုပိဋကတ်ကျမ်းဂန်များနှင့် အဋ္ဌကထာ၊ ဋီကာကျမ်းများ၌ အကြောင်းအားလျော်စွာ ထည့်သွင်းခဲ့သည်မှာ ယုံမှားဖွယ်ရာ မရှိချေ။

## ကျမ်းဂန်များ အဆိုအမိန့်

အလ္လကပ္ပမင်း၊ ဝေဠဒီပမင်း၊ ဥတေနမင်းတို့အကြောင်းနှင့် ပတ်သက်၍ ဆင်များကိုလာစေနိုင်၊ သွားစေနိုင်သော ဟတ္ထိမန္တ မန္တရားရှိကြောင်း ဓမ္မပဒ အဋ္ဌကထာ၌ ဆိုသည်။ သာဝတ္ထိပြည် ဝင်္ဂီသလုလင်သည် ဆဝသီသမန္တန်ကို တတ်သူဖြစ်သည်၊ သူသည် သေလွန်ပြီးသော သူ၏ ဦးခေါင်းခွံကို မန္တန်ဖြင့် မန်းမှုတ်၍ စိုက်ကြည့်လျှင် ထိုသူ

mgyoe.com

mgyoe.com SAMPLE BOOK

ငရဲသို့လားသည်၊ နတ်ပြည်သို့လားသည်ဟု ခွဲခြားသိနိုင်ကြောင်း ဓမ္မပဒနှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာတို့က ဆိုသည်။

နက္ခတ်ကိုကြည့်၍ ဝေဒဗ္ဗကမန္တန်ကိုရွတ်လျှင် ရတနာ (၇) ပါး မိုးရွာသည်ဟု ကေနိပါတ်ဝေဒဗ္ဗဇာတ်၌ဆိုသည်။ လူသေကောင်များကို ထစေနိုင်သော မန္တရားရှိကြောင်း သိဗ္ဗိဝဇာတ်၌ဆိုသည်။ ဗာရာဏသီပြည်၊ သေနကမင်းသည် နဂါးတစ်ဦးထံမှ ပိုးမွှား တိရစ္ဆာန်တို့၏စကားကို နားလည်နိုင်သော 'သဗ္ဗရုတညုဇာနနမန္တန်' ကိုရရှိကြောင်း ဆက္ကခရပုတ္တဇာတ်တွင်ဆိုသည်။ ဆေးဝါးမန္တရားဖြင့် အလမ္ပာယ်ဆရာ စမ္ပေယျနဂါးမင်းကို ဖမ်းနိုင်ကြောင်း ဝသတိနိပါတ် စမ္ပေယျဇာတ်၌ လာသည်။

ပေါရိသာဒသည် ဘီလူးတစ်ယောက်ထံမှ ပဒလက္ခဏာ မန္တရားကိုရရှိပြီး ထိုမန္တရားကြောင့် ရဲရင့်ခြင်း၊ လျင်မြန်ခြင်းကို ဖြစ်စေသည်ဟူ၍ အသီတိနိပါတ် မဟာသုတသောမဇာတ်၌ ဆိုသည်။ မြေ၌ မြှုပ်ထားသောဥစ္စာတို့ကို မြင်နိုင်၊ သိနိုင်သော မန္တရားရှိကြောင်း ကေနိပါတ်၊ ဗြဟ္မဆတ္တဇာတ်၌လာသည်။ ဤမျှဖြင့် ပါဠိပိဋကတ်ထဲသို့ ယင်းအယူအဆများ မည်မျှစူးဝင်နေကြောင်း ခန့်မှန်းနိုင်၏။

## အိပ်မက်

အိပ်မက်သည် တစ်ခါတစ်ရံ အနာဂတ်၏ အကျိုးအပြစ်များကို ညွှန်းပြသည်မှာ မှန်ကန်သည်ဟု ယုံကြည်လက်ခံကြသူ အများအပြားရှိသည်။ အိပ်မက်မြင်မက်သည် ဆိုသည်မှာ အိပ်ပျော်စဉ် မြင်မက်သလား၊ သို့မဟုတ် နိုးနေစဉ် မြင်မက်သလားဆိုသည်ကို အစပထမ လေ့လာသင့်သည်။ အိပ်ပျော်စဉ်မက်သည်ဟု ကျွန်ုပ်တို့အထင်ဖြင့် ယူဆသော်လည်း အိပ်မက်သည် အိပ်ပျော်စဉ် မက်ခြင်းမျိုးကား မဟုတ်ချေ။

အဘိဓမ္မာသဘောအရ သတ္တဝါသည် အိပ်ပျော်နေစဉ် ဘဝင်စိတ်ဖြစ်နေသည်ဟု ဆိုသည်။ ဘဝင်စိတ်ဆိုသည်မှာ ရူပါရုံစသော အာရုံများကို မယူနိုင်ချေ။ မေ့စိတ်ပင် ဖြစ်သည်။ အိပ်မက်၌မူ အဆင်း၊ အနံ့၊ အသက်များ ပါဝင်နေကြောင်း သတိပြုရပေမည်။

ထို့ပြင် အိပ်မက်သည် နိုးနေစဉ် မြင်မက်သည်ဆိုလျှင်လည်း ရယ်ဖွယ်ရာ ဖြစ်သည့်အပြင် သူ့အသက်ကိုသတ်ခြင်းမျိုး၊ ဓားများ တုတ်များနှင့် ရိုက်ပွဲ သတ်ပွဲမျိုး၊ ဘုရားကျောင်းကန်သို့သွားရသည့်အမျိုး အိပ်မက်ထဲ၌ပါဝင်ရာ ကုသိုလ်၊ အကုသိုလ် ဖြစ်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် အိပ်မက်ကြောင့် ကုသိုလ်၊ အကုသိုလ်မဖြစ်နိုင်ကြောင်း ဗုဒ္ဓအဆုံးအဖြတ်ပေးဖူးသည်။ ရဟန်းများ အိပ်မက်ကြောင့် အာပတ်မသင့်နိုင်ကြောင်းလည်း အဆုံးအဖြတ်ပေးထားသည်။ ဆိုလိုသည်မှာ အိပ်မက်သည် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်သော အဗျာကတ တရားစုများသာ ဖြစ်သည်ဟု ဆိုလိုသည်။

သို့ဖြစ်ရာ အိပ်မက်သည် အိပ်ပျော်နေစဉ်လည်းမဟုတ်၊ နိုးနေစဉ်လည်းမဟုတ်ဘဲ အိပ်မပျော်တပျော်အချိန်၌ မြင်မက်တတ်သည်ဟု အဋ္ဌကထာဆရာများက ယူဆထားသည်။

'အိပ်မက်ဟူသည် မျောက်မျဉ်းချိန်၌ မြင်မက်တတ်သည်'ဟု ဆိုသည်။ မျောက်မျဉ်းချိန်ဆိုသည်မှာ အိပ်မပျော်တပျော် သို့မဟုတ် နိုးခါနီးအချိန်ဟု အဓိပ္ပာယ်ရသည်။

## အိပ်မက် ၄ မျိုး

အိပ်မက်လေးမျိုးရှိကြောင်း ပိဋကတ်များ၌ ဖော်ပြထားသည်။ ယင်းလေးမျိုးမှာ–

(၁) ဓာတုခေါဘ = ဓာတ်၊ လေ ချောက်ချား၍ မြင်မက်ခြင်း
(၂) အနုဘူတ = ရှေ့က လေ့လာဖူးသည်ကိုစွဲ၍ မြင်မက်ခြင်း
(၃) ဒေဝတောပတံဟာရ = နတ်တို့လှည့်စား၍ မြင်မက်ခြင်း
(၄) ပုဗ္ဗနိမိတ္တ = အကျိုးအပြစ်မဖြစ်မီ ပုဗ္ဗနိမိတ်အထင်ဖြင့် အနာဂတ် အကျိုးအပြစ်အတွက် မြင်မက်ခြင်း

ယင်းလေးမျိုးအနက် (၁၊ ၂) အိပ်မက်များသည် မှန်ကန်မှုမရှိဘဲ (၃၊ ၄) အိပ်မက်များသည် တစ်ခါတစ်ရံ မှန်ကန်တတ်သည်။

ဘုရားအလောင်းတော် ပဋိသန္ဓေယူခါနီး၌ မယ်တော်မာယာ၏ ဝမ်းဗိုက်ထဲသို့ ဆင်ရတနာဝင်ရောက်သည်ဟု အိပ်မက်မြင်မက်ကြောင်း၊ ကမ္ဘာ့လူသားများ၏ နောင်တစ်ချိန်၌ ဖြစ်ပျက်လာမည့် အကျိုးအပြစ်များကို ကောသလမင်းကြီးက အိပ်မက်မြင်မက်ကြောင်း၊ နတ်တစ်ဦးက သူနှင့် ဆွေမျိုးတော်စပ်ဖူးသော လူသားတစ်ယောက်ကို မည်သည့်နေရာ၌ ဥစ္စာရှိနေ၍ လာယူပါရန် အိပ်မက်ပေးချက်အရ ထိုလူသားသည် သွားရောက်တူးဖော်ယူငင်ကြောင်း စသဖြင့် ပိဋကတ်များနှင့် နိပါတ်တော်များ၌ လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရောဟနဇနပုဒ်သား ရဟန်းတော်တစ်ပါးက ကံ့ကော်ပင်ကို ခုတ်လှဲမိသည့်အတွက် ကံ့ကော်ပင်စောင့်နတ်က အမျက်ထွက်ပြီး ''လာမည့် ခုနစ်ရက်စေ့လျှင် အရှင်ဘုရား၏ ဒါယကာတော် ဘုရင်မင်းမြတ် နတ်ရွာလားလိမ့်မည်''ဟု အိပ်မက်ပေးသည်ကို ရဟန်းက ယုံကြည်၍ ဘုရင့်ထံသွားပြောသည်။ ဘုရင်မင်းသည် ခုနစ်ရက်စေ့သော်လည်း မသေသောကြောင့် ထိုရဟန်းကို လိမ်ညာသည်ဟုထင်မှတ်ကာ လက်ခြေတို့ကို ဖြတ်ပစ်သည် စသဖြင့် သီဟဠဝတ္ထုဌ္ဌလာသည်။

ယခုခေတ်၌ 'ရွှေပေလွှာ' ပေါ်လာရခြင်းမှာ အိပ်မက်မှ စတင်အခြေခံခြင်းဖြစ်သည်။ မည်သည့်ဆရာတော်က မည်သည့်ပုဂ္ဂိုလ်ထူးက မည်သို့အိပ်မက်ဖြစ်သည်၊ မည်သို့ဖြစ်လိမ့်မည်။ ကမ္ဘာကြီးကပ်ကြီးဆိုက်တော့မည်စသဖြင့် အတိအကျမဟုတ်သော ဆရာတော်တစ်ပါး၊ ဆရာတစ်ဦးဦးကို အမည်တပ်၍ ကောလာဟလလွှင့်သည်။

မယုံသူများ (၇) ရက်အတွင်းမှာပင် သေသွားသယောင်၊ ယုံသူများ ချမ်းသာသွားသယောင်၊ မိမိလက်ထဲရောက်လာသော စာရွက်ကို အိမ်ရှေ့ခုနစ်အိမ်၊ အိမ်နောက်ခုနစ်အိမ် မဖြန့်ဝေက သွေးအန်၍ သေသွားသယောင် မှတ်ချက်ဝါဒဖြန့်ချိနည်းကိုသုံး၍ ဖြန့်ချိသည်။

## အိပ်မက်လေ့လာချက် (၁)

ကျွန်ုပ်တို့သည် အိပ်မက်နှင့်ပတ်သက်၍ လေ့လာရန် နှစ်ချက်ရှိကြောင်း သတိပြုရပေလိမ့်မည်။ ပထမအချက်မှာ အိပ်မက်တိုင်းသည် အကျိုးအပြစ်ကို မညွှန်းပြသော်လည်း အချို့အချို့သော အိပ်မက်များသည် အနာဂတ်အကျိုးအပြစ်နှင့် တိုက်ဆိုင်မှုရှိကြောင်း လူတိုင်းကြုံဖူးတတ်ကြပေသည်။

ထိုသို့ အကျိုးအပြစ်ကိုညွှန်ပြရာ၌ အိပ်မက်သည် တိုက်ရိုက်မြင်မက်ခြင်း၊ သွယ်ဝိုက်၍မြင်မက်ခြင်းဟူ၍ နှစ်မျိုးရှိရာ တိုက်ရိုက်မြင်မက်ခြင်းမျိုးမှာ တွေ့ဖူးကြုံဖူးကြ၍၊ စဉ်းစားဖူး၍၊ ရောက်ဖူး၍ မြင်မက်ခြင်းမျိုးဖြစ်ကြောင်း သတိပြုရပေမည်။ ယင်းအိပ်မက်မျိုးသည် ယေဘုယျအားဖြင့် အကျိုးပေးတတ်သော အိပ်မက်မျိုးမဟုတ်ချေ။

သွယ်ဝိုက်၍ မြင်မက်ခြင်းမျိုးမှာ ယေဘုယျအားဖြင့် တွေ့ဖူး၍၊ ကြုံဖူး၍၊ မျှော်လင့်၍၊ ပြောဆိုဖူး၍ မြင်မက်ခြင်းမျိုးမဟုတ်ချေ။ ဥပမာ–မယ်တော်မာယာ ဝမ်းဗိုက်ထဲသို့ ဆင်ဝင်ရောက်သည်ဟု မြင်မက်ခြင်းကြောင့် သားထူးသားမြတ် မွေးဖွားလာခြင်းနှင့်


mgyoe.com